ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁ ရက်၊ အင်္ဂါနေ့ (24-2-2009) (၅၉၆၄)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်

နေပြည်တော်　　ဖေဖော်ဝါရီ　　၂၄

ထိုင်းနိုင်ငံ ဝန်ကြီးချုပ် အပီဆစ်ဝဲချာချီဝ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် မကြာမီ ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

ရာဇူဒိုင်တံတား တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မော်လမြိုင်ကျွန်းမြို့နယ် ရာဇူဒိုင်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းကွန်ရက်စီမံကိန်းနှင့် Cyclone Shelter တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော်　　ဖေဖော်ဝါရီ　　၂၃

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသည့် အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၈ နာရီတွင် ပုသိမ်မြို့ ငါးအောက်ချောင်း တိုင်းငါးလုပ်ငန်းဦးစီးဌာနဝင်းအတွင်းရှိ ပေါင်းစည်းလယ်ယာစိုက်ပျိုးရေး Integrated Farm သို့ ရောက်ရှိပြီး ခြံအတွင်း၌ စိုက်ပျိုးထားသည့် ကန်စွန်း၊ ငရုတ်၊ ချဉ်ပေါင်၊ ကြက်သွန်မြိတ်နှင့် ခရမ်းစိုက်ခင်းများ၊ ကောက်ရိုးမှို မွေးမြူခြင်းနှင့် တီကောင်မွေးမြူရေးကန်တို့ကို ကြည့်ရှုစစ်ဆေးသည်။

လပွတ္တာမြို့နယ် အောက်ပြွန်ဝကျေးရွာ၌ FMI ကုမ္ပဏီက ဆောက်လုပ်သည့် Cyclone Shelter အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် ဝက်၊ ဘဲ၊ နွားနှင့် ဆိတ်မွေးမြူထားမှု၊ ဇီဝဓာတ်ငွေ့ ထုတ်ကန် တည်ဆောက်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဝန်ကြီးချုပ်က တစ်နိုင်တစ်ပိုင် စုပေါင်းလယ်ယာစိုက်ပျိုးရေးစနစ် ကျေးလက်နေ ပြည်သူများအတွင်း ပျံ့နှံ့စေရန်အတွက် နယ်လှည့်ကျေးလက် ဖွံ့ဖြိုးရေးပညာပေးအဖွဲ့ Mobile Community Development Team များအား သင်တန်းများပို့ချပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

- ❑ မိဘများအနေဖြင့် သားသမီးများ ကျောင်းနေအရွယ်မှာ ကျောင်းနေရေး၊ ပညာကို ဆုံးခန်းတိုင် သင်ကြားရေး အားပေး။
- ❑ ကျောင်းသူ ကျောင်းသားများ အနေဖြင့်လည်း ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်ရန် ကြိုးပမ်း။
- ❑ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ လူမှုရေး အသင်းအဖွဲ့များကလည်း လူငယ်များ ဘဝ တိုးတက်မြင့်မားရေး ဝိုင်းဝန်း ထောက်ကူ။

ကြေးမုံ The Mirror
၂၄-၂-၂၀၀၉
(အင်္ဂါနေ့)

လမ်းကွန်ရက်များ တိုးချဲ့ဖောက်လုပ်တည်ဆောက် လုပ်ငန်းများ မိုးမတိုင်မီပြီးစီးရေး ကြိုးပမ်း

နိုင်ငံတော်အစိုးရက ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ လေဘေးသင့်ဒေသ ကျေးရွာများ ပြန်လည်ထူထောင် တည်ဆောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်ပေးလျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းစသည့် အဓိကစီးပွားရေးလုပ်ငန်းများ ပုံမှန်လုပ်ကိုင်နိုင်လျက်ရှိသည်။

လေဘေးသင့်ဒေသရှိ မြို့ပြ၊ ကျေးရွာများ ပြန်လည်ထူထောင် တည်ဆောက်ရာတွင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ ပညာသင်ကြားရေး၊ လူငယ်လူရွယ်များ အသက်မွေးဝမ်းကျောင်းပညာတတ်မြောက်ရေး စသည့်လိုအပ်ချက်များကိုဒေသအလိုက် ဦးစားပေးဖြည့်ဆည်း ဖော်ဆောင်ပေးလျက်ရှိသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိရာ မအူပင်-ရေလဲကလေး-ရွှေတောင်မှော်- ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း၊ မော်လမြိုင်ကျွန်း- လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း၊ လပွတ္တာ-သက်န်းကြီး-ပြင်စလူလမ်း၊ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်းနှင့် လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်းတို့ ပါဝင်သည်။ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းကိုလည်း အသစ်ဖောက်လုပ်သွားရန် စီစဉ်လျက်ရှိသည်။

အဆိုပါလမ်းကွန်ရက် စီမံကိန်းတွင် ပါဝင်သည့်လမ်းများသည် ဒေသနေပြည်သူများ လမ်းပန်းဆက်သွယ်သွားလာမှု လွယ်ကူရုံသာမကဘဲ နောင်တွင် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက ရေလွတ်သက်ကယ်ကုန်းမြင့်များအဖြစ် အသုံးပြုနိုင်ကြမည်ဖြစ်သည်။ အချို့နေရာများ၌ ရေငန်တားတမံကြီးများအဖြစ် တည်ဆောက်ပေးလျက်ရှိရာ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ပိုမိုအကျိုးပြုနိုင်မည်ဖြစ်သည်။

ထို့အပြင် သဘာဝဘေးအန္တရာယ် ပေါ်ပေါက်လာပါက အသက်အိုးအိမ်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ဆိုင်ကလုန်း အကာအကွယ်အဆောက်အအုံ(Cyclone Shelter)များ၊ ရေလွတ်သက်ကယ်ကုန်းမြင့် (Hillock) များကိုလည်း တည်ဆောက်လျက်ရှိသည်။ ယခုအခါ သက်ဆိုင်ရာကုမ္ပဏီများက ပုတောမြို့နယ်၊ လပွတ္တာမြို့နယ်၊ ဘိုကလေးမြို့နယ်နှင့် ဒေးဒရဲမြို့နယ်တို့ရှိ ကျေးရွာများ၌ ဆိုင်ကလုန်း အကာအကွယ်အဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

လေဘေးသင့်ဒေသများ၌ တည်ဆောက် ဖော်ဆောင်လျက်ရှိသည့် ဘက်စုံအကျိုးပြု လမ်းကွန်ရက်များကို လာမည့်မိုးကာလမတိုင်မီ မြေမာလမ်းများအဖြစ် အသုံးပြုနိုင်ရေး၊ ရေလွတ်သက်ကယ်ကုန်းမြင့်များ၊ ဆိုင်ကလုန်း အကာအကွယ် အဆောက်အအုံများ အချိန်မီပြီးစီးရေးတို့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ကာယဉာဏလုပ်သားများ ကြိုးပမ်းစွမ်းဆောင်လျက်ရှိရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးတို့အတွက် များစွာ အကျိုးပြုနိုင်မည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် မရမ်းကုန်းမြို့နယ် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး၊ ရေစီးရေလာ ကောင်းမွန်ရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်မှု လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းမှူးသည် နံနက် ၇နာရီခွဲတွင် မရမ်းကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိလာရာ အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူးနှင့်တာဝန်ရှိသူများက တိုင်းနှင့်မြို့နယ်များအတွင်း ရောဂါဖြစ်ပွားမှု၊ ထိန်းချုပ်ထားနိုင်မှု၊ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားမှု၊ ရေစီးရေလာ ကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ကျိုက်ဝိုင်းဘုရားလမ်းတစ်လျှောက် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ဖုံး၊သွန်၊လဲ၊စစ် လုပ်ငန်းများ၊ ဆေးစိမ်ခြင်ထောင် ဆောင်ရွက်မှု လုပ်ငန်းများ၊ ခြင်ဆေးဖျန်းစက် အသုံးပြု၍ Block Spray စနစ်ဖြင့် ကွက်ပြည့်ခြင်ဆေးဖျန်းဆောင်ရွက်နေမှုများ၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ကျန်းမာရေးပညာပေးဟောပြောနေမှုများ၊ ရေစီးရေလာ ကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းမှူးသည် မြောက်ဥက္ကလာပမြို့နယ် ဘုမ္မာ ၉ လမ်းနှင့် ၁၀ လမ်းတစ်လျှောက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ကျန်းမာရေးပညာပေး ဟောပြောနေမှုများ၊ ဖုံး၊သွန်၊လဲ၊ စစ်လုပ်ငန်းများ၊ ဆေးစိမ်ခြင်ထောင် ဆောင်ရွက်မှု လုပ်ငန်းများ၊ ခြင်ဆေးဖျန်းစက်အသုံးပြု၍ Block Spray စနစ်ဖြင့် ကွက်ပြည့်ခြင်ဆေးဖျန်းနေမှု၊ ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်ဆေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ပုသိမ်ကြီးမြို့နယ် မြကန်သာကျေးရွာရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း ဝါအဝယ်ဒိုင်ကို စစ်ဆေးစဉ်။

(စက်မှု-၁)

ညွှန်ကြားရေးမှူးချုပ် အခြေခံပညာကျောင်းများ စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၁ ရက်အတွင်း တာချီလိတ်မြို့နယ်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းဖြတ်မြို့နယ်နှင့် ကျိုင်းတုံမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများသို့ သွားရောက်ပြီး စာသင်ကြားနေမှု အခြေအနေ၊ ကျောင်းအဆောက်အအုံများ အခြေအနေ၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုအခြေအနေ၊ စာဖြေခန်း စာဖြေခုံ ပြည့်စုံလုံလောက်မှုအခြေအနေ၊ ကျောင်းတွင်းစစ်စာမေးပွဲများ ဖြေဆိုနေမှု အခြေအနေနှင့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ကျိုင်းတုံမြို့နယ် ပညာရေးမှူးရုံးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ် ပညာရေးမှူးရုံးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းထွန်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်အောင်နှင့် စက်မှုကျွမ်းကျင်-၂ ဦးဆန်းတင့်၊ ယာဉ်ထိန်းတပ်ဖွဲ့ ဒုတိယရဲမှူးစန်ဝင်းတို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် အညီ မောင်းနှင်ရေး ရှောင်တခင်စစ်ဆေး ပညာပေးခြင်းကို ဘားအံမြို့ အဝေးပြေးကားဂိတ်၌ ဆောင်ရွက်ကြစဉ်။

(ခရိုင်ပြန်/ဆက်)

ဝန်ကြီး ဦးအောင်သောင်း ငွေချည်(၆) ဝါအဝယ်ဒိုင်ကြည့်ရှု၊ ဒေသခံပြည်သူများအားတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် မြကန်သာကျေးရွာရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း ဝါအဝယ်ဒိုင်သို့ရောက်ရှိပြီး ငွေချည်(၆) ချည်မျှင်ရှည် ဝါဝယ်ယူမှုနှင့် ဝင်းသူဇာအရောင်းဆိုင်ခွဲ ရောင်းချမှုအခြေအနေတို့ကိုလည်းကောင်း၊ မတ္တရာမြို့နယ် လမိုင်းအုပ်စု ကျောက်တံတားကျေးရွာ ဝါအဝယ်ဒိုင်၌ ဝါဝယ်ယူမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် မတ္တရာမြို့၌ စကျင်၊ ဝန်စု၊ တံငါမြောက်၊ ရေနံ့သာ၊ မွေဟသာ၊မွေပုံကန်၊ မြေရွှေခဲနှင့် တံငါတောကျေးရွာအုပ်စုများမှ ကျေးရွာပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံပြီး စကျင်ရွာနှင့် တံငါမြောက်ရွာလမ်းလုပ်ငန်းအတွက် ငွေကျပ်သိန်း ၁၀၀ ကို တာဝန်ရှိသူထံ ပေးအပ်လှူဒါန်းပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း စကျင်အမှတ်(၂) ကျောက်ပြားစက်ရုံခွဲသို့ ရောက်ရှိပြီး စကျင်ကျောက်ပြားများနှင့် အလှဆင်ကျောက်များ ထုတ်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ကုန်ထုတ်လုပ်မှု ရည်မှန်းချက် အောင်မြင်အောင် ဆောင်ရွက်ကြရေး မှာကြားသည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် ပုသိမ်ကြီးမြို့နယ် နန္ဒာတောင်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာ ၂၉ ရွာမှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးလက်နေပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည် (သတင်းစဉ်)

သင့်ကြောင့် မီးမလောင်ပါစေနှင့်

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း တာပေါင်ချဲ့ခြင်းနှင့် ကျောက်ခင်းခြင်းလုပ်ငန်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် ကချင်ပြည်နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ပူတာအိုမြို့နယ် ဆုံစည်းရာ ပညာရိပ်မြုံသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးက ကျောင်းသား ကျောင်းသူများအား လက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် ပူတာအိုတပ်နယ်ကို ကြည့်ရှုစစ်ဆေးကာ ပူတာအိုမြို့နယ် မူလာရှီးဒီးကျေးရွာရှိ မလိခဟိုတယ်၌ အဆောက်အအုံများ ဆောက်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် မလိခဟိုတယ်၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာများအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် ပူတာအိုမြို့နယ် မူလာရှီးဒီးကျေးရွာနှင့် ရေကျော်ကျေးရွာတို့ကို ဆက်သွယ် တည်ဆောက်ထားသည့် မူလာရှီးဒီးကြိုးတံတား ကြံ့ခိုင်မှုအခြေအနေနှင့် နမ့်လိုင်ချောင်း ရေစီးဆင်းမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ မူလာရှီးဒီး ကျေးရွာရှိ နန့်မလိခသစ်သားတံတား ပြန်လည်ပြုပြင် တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပူတာအိုမြို့နယ် တန်ဂျာရွာအနီးရှိ ပူတာအိုခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဗိုလ်ချုပ်အုန်းမြင့်အား ပြည်နယ်အင်ဂျင်နီယာမှူးကြီးက မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်း စုစုပေါင်း ၂၁၈ မိုင် တာပေါင်ချဲ့ခြင်း၊ ကျောက်ခင်းခြင်းနှင့် ကျောက်ရိုးစီကမ်းကပ်ခုံ ရေပြွန်တည်ဆောက်ခြင်း လုပ်ငန်းများကို ခရိုင်နှင့် စီမံကိန်းအထူးအဖွဲ့များက အပိုင်းလိုက် ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပူတာအိုခရိုင် အင်ဂျင်နီယာမှူးက ပူတာအိုခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်သည့်မိုင်တိုင်အမှတ်(၁၈၄/၀) မှ (၂၀၃/၅)အထိ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဗိုလ်ချုပ်အုန်းမြင့်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဖောက်လုပ်သည့် အထူးစီမံကိန်းဖြစ်၍ လမ်းများကို အဆင့်မြင့်တင် ဆောင်ရွက်ရာ၌ ရေရှည်တည်တံ့အောင် ခိုင်ခိုင်ခံ့ခံ့ ထိထိမိမိ စနစ်တကျ တည်ဆောက်သွားကြရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် တန်ဂျာကျေးရွာအနီးရှိ တန်ဂျာဘေလီသံပေါင်တံတား၏ ကြံ့ခိုင်မှုအခြေအနေများကို လည်းကောင်း၊ ပူတာအိုခရိုင်အဖွဲ့၏ မိုင်တိုင်အမှတ် (၁၈၄/၄)၌ စက်ယန္တရားကြီးများဖြင့် တာပေါင်ချဲ့ခြင်း၊ မြေသားသိပ်သည်းမှုရှိအောင် ဆောင်ရွက်ခြင်းနှင့် မြေညှိခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာပြီး ဆွမ်ပီယန်ဘေလီနှစ်ထပ်သံပေါင်တံတား၏ ကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း၊လမ်းအထူးအဖွဲ့(၆)က တာဝန်ယူဆောင်ရွက်သည့် မိုင်တိုင်အမှတ်(၁၅၃/၀) မှ (၁၆၉/၉) အတွင်း မိုင်တိုင်အမှတ် (၁၅၉/၃)၌ စက်ယန္တရားကြီးဖြင့် မြေသားညှိခြင်း၊ မြေသားသိပ်သည်းမှုရှိအောင် ဆောင်ရွက်ခြင်းနှင့် ကျောက်ခင်းရန် ဆောင်ရွက်ခြင်း လုပ်ငန်းများအခြေအနေကိုလည်းကောင်း၊ လမ်းအထူးအဖွဲ့ (၁၄)က တာဝန်ယူဆောင်ရွက်သည့် မိုင်တိုင်အမှတ် (၁၃၂/၀)မှ (၁၅၃/၀) အတွင်း တာပေါင်ချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း ဖြတ်သန်းကြည့်ရှုစစ်ဆေးကာ ဆွမ်ပရာဘွမ် မြို့သို့ ရောက်ရှိသည်။

ညနေပိုင်းတွင် ဗိုလ်ချုပ်အုန်းမြင့်သည် ဆွမ်ပရာဘွမ်မြို့ ဧည့်ရိပ်သာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ဆွမ်ပီယန်ကျေးရွာရှိ ဆွမ်ပီယန် ဘေလီနှစ်ထပ်သံပေါင်တံတား၏ ကြံ့ခိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ချောက်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ချောက်မြို့နယ်အသင်း (ရန်ကုန်)၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသော ဆရာတော်များအား ချီးကျူးပူဇော်ခြင်း၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲများကို ဧပြီ ၅ရက် နံနက် ၁၀ နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ဗဟန်းကြားတောရလမ်းရှိ တရားရုံးချုပ်မဏ္ဍပ်ရုံ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ရောက် ချောက်မြို့နယ်သူ မြို့နယ်သားများနှင့် အသင်းဝင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများ အမှတ်စာရင်းမိတ္တူဖြင့် မတ် ၁၈ ရက် နောက်ဆုံးထား၍ အသင်းဥက္ကဋ္ဌ ဦးညိုမောင် ဖုန်း-၀၁-၅၉၀၀၀၉၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့် ဖုန်း-၀၁-၅၅၄၀၆၇ နှင့် အတွင်းရေးမှူး ဦးငွေအောင် ဖုန်း-၀၁-၂၉၃၄၂၀၊ ၀၁-၂၉၁၂၅၀ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဖေဖော်ဝါရီ ၈ရက်က အမှတ်(၃၉) အခြေခံပညာမူလတန်းကျောင်း သာကေတမြို့နယ်၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရသော မောင်ရဲရင့်လင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ကြည် ဆုချီးမြှင့်စဉ်။ (ပညာရေး)

လုပ်ငန်းစွမ်းရည်မြှင့် အထူးမွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန၊ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းမှ နည်းပြများ၊ ဒုတိယနည်းပြများနှင့် ရုံးဝန်ထမ်းများ၏ လုပ်ငန်းစွမ်းရည်မြှင့် အထူးမွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့ရှိ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွန်းနီ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသန်းနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား ၄၂ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှ ရက်ပေါင်း ၄၀ ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မွန်ပြည်နယ် အမျိုးသားဘောလုံးအသင်းအတွက် ဘောလုံးအားကစားပစ္စည်းများ လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မွန်ပြည်နယ် အမျိုးသားဘောလုံးအသင်းအတွက် ဘောလုံး၊ ဘောလုံးကန်ဖိနပ်၊ ခြေအိတ်၊ လေ့ကျင့်ရေးဝတ်စုံများကိုလည်းကောင်း၊ မွန်ပြည်နယ်လက်ရွေးစင် ဘောလုံးသမားဟောင်းများ ဘောလုံးအသင်းအတွက် အားကစားဝတ်စုံများကို လည်းကောင်း ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ဖေဖော်ဝါရီ၁၇ရက်တွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မလေးရှား အခြေစိုက်အဆင့်မြင့်နည်းပညာဖြင့် ရော်ဘာအထွက်တိုး ဝန်ဆောင်မှုလုပ်ငန်းများ (Sheiphai Holding Sdn.Bhd) ကုမ္ပဏီမှ ဒါရိုက်တာများဖြစ်ကြသည့် Dr. Ebrahim နှင့် Dr.Mohd Haroon၊ ဌာနေကိုယ်စားလှယ် ဦးကျော်နိုင် (လူမှုထူးချွန်တတိယဆင့်) တို့က ဘောလုံးအားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းကြပြီး မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်မောင်မောင်တို့က လက်ခံကြကာ ကျေးဇူးတင်စကား ပြောကြားကြသည်။

ယနေ့ညနေပိုင်းတွင် မော်လမြိုင်မြို့၌ မွန်ပြည်နယ် လက်ရွေးစင်ဘောလုံးသမားဟောင်းများအသင်းနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး လက်ရွေးစင်ဘောလုံးအသင်းတို့သည် ချစ်ကြည်ရေးဘောလုံးပွဲအဖြစ် ယှဉ်ပြိုင်ကစားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်စာမေးပွဲ အောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံ စာရင်းကောင်စီက လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ဒုတိယပိုင်းစာမေးပွဲ) ၂၀၀၇ ခုနှစ် ဇူလိုင် (အမှတ်စဉ်-၂၇)၊ ၂၀၀၈ ခုနှစ် ဇန်နဝါရီ(အမှတ်စဉ်-၂၈)၊ ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်းစာမေးပွဲ) ၂၀၀၇ ခုနှစ် ဧပြီ၊ ၂၀၀၈ ခုနှစ် သြဂုတ်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်းစာမေးပွဲ) ၂၀၀၇ ခုနှစ် သြဂုတ် (အမှတ်စဉ်-၃၀)၊ ၂၀၀၈ ခုနှစ် ဧပြီ(အမှတ်စဉ်-၃၁)နှင့် ဒီပလိုမာစာရင်းကိုင်(ပထမပိုင်းစာမေးပွဲ) ၂၀၀၇ ခုနှစ် မေ၊ ၂၀၀၈ ခုနှစ် သြဂုတ် အသီးသီးတို့တွင် ကျင်းပခဲ့သည့် စာမေးပွဲအောင်မြင်သူများအနက် ပထမ၊ ဒုတိယ၊ တတိယအဆင့်ဖြင့် အောင်မြင်သူများကို ဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ ဘာသာရပ်အလိုက် အမှတ်အများဆုံးရရှိသူများကို ငွေသားဆုများကိုလည်းကောင်း အသီးသီးချီးမြှင့်မည်ဖြစ်ပြီး ဒုတိယပိုင်းစာမေးပွဲ အောင်မြင်သူများကို အောင်လက်မှတ်များပေးအပ်မည်ဖြစ်ကြောင်း သိရှိရသည်။ ယင်းအခမ်းအနားကို မတ် ၂၉ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း(၁/၁၉) သခင်မြပန်းခြံလမ်း အလုံမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တာမွေမြို့နယ် ပညာရေးဘက်စုံထူးချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၀ရက်ကကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအေး မြို့နယ်ဘက်စုံထူးချွန် ပထမဆုနှင့် အင်္ဂလိပ်စာ တိုင်းအဆင့် တတိယဆုရ မောင်ပြည့်စုံအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၂-၂၀၀၉ (အင်္ဂါနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	''မူလနှစ်ဖြာလင်္ကာရှင်း''(၁)တရားတော် (မဏိရတနာဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ)
၇း၄၀ - ၁း၄၀	ဝါယာသာစည်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်နေသော ဇီးတောစံပြကျေးရွာ
၈း၀၀ - ၂း၀၀	တေးဂီတအစီအစဉ်
၈း၁၀ - ၂း၁၀	Sunday Talk
၉း၀၀ - ၃း၀၀	ဝသုန်ဧည့်မြေသိကြားစေ စကားဝါမြေမှ ကောင်းမှုသက်သေ
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	Activities In The City (စာရေးဆရာ မြသန်းစံ၏ စာအုပ်သစ်လက်မှတ်ရေးထိုးပွဲ၊ Sony Bravia နည်းပညာသစ်ပြပွဲ)
၁၀း၀၀ - ၄း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅ - ၄း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀ - ၄း၁၀	ဆန်းသစ်အလှတိုးရွှေချည်ထိုး
၁၀း၃၀ - ၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅ - ၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀ - ၄း၄၀	ဟန်ကျတဲ့ စံပြစိုက်ပျိုးရေးအထူးဇုန်
၁၀း၅၅ - ၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅ - ၅း၀၅	Study Guide (OESC Training Centre)
၁၁း၃၀ - ၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅ - ၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀ - ၅း၄၀	ခါးနာရောဂါအကြောင်းသိကောင်းစရာ(အပိုင်း-၁) (ပါမောက္ခဒေါက်တာနေဝင်း)
၁၂း၀၅ - ၆း၀၅	ယှဉ်ပြိုင်ရွေးချယ် ရေသူမအလှမယ်
၁၂း၂၅ - ၆း၂၅	Music Gallery (တေးသံရှင်ရဲ့တေးလက်ဆောင်-စည်သူလွင်)
၁၂း၄၅ - ၆း၄၅	''နောက်မကျရအောင်'' (မင်းသူ၊မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion Leagues ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Inter Milan - Man Utd	ESPN (Live)
	Arsenal - Roma	STAR SPORTS (Live)

ပြောင်းလဲတိုးတက်လာသော ဧရာဝတီတိုင်း ဟိုင်းကြီးကျွန်းမြို့နယ် ချောင်းဝ၊ ပြင်ခရိုင်၊ ကျောက်ကလပ်၊ ကုန်းသာယာသို့ တစ်ခေါက်

ဧရာဝတီတိုင်းမှ အလွန်ရှားပါးထူးခြားလှပသော ကျောက်ကလပ်ထိပ်စွန်းဖြင့် သဘာဝအလှ ပြာလဲ့လဲ့ကောင်းကင်နှင့် စိမ်းဖန့်ဖန့်ပင်လယ်ပြင်အစပ်မှ လွမ်းမောသာယာဖွယ်ရာ ကုန်းသာယာရွာ၏ ရှုမငြီးနိုင်သည့်ရှုခင်း၊ မီးပင်လယ်ပြင်အောက်မှ လှုပ်ရှားရုန်းကန်နိုးထလာသော ဒေသခံပြည်သူများ၏ ရိုးသားဖော်ရွေပွင့်လင်းသည့်မျက်ဝန်းနှင့်အတူ ရှင်သန်နေသော နှလုံးသားရေစီးသံသည် မိုးထဲလေထဲရေတွေနှင့် သည်မြေမှာရှိသော ပြည်သူများကို တစ်ကျော့ထပ်မံ ပြန်လည်ဆုံစည်းရဦးမှာပါလား- - -

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
မောင်လှသိန်း(သူရဲသမိန်)

ဧရာဝတီတိုင်း ဟိုင်းကြီးကျွန်း ကျောက်ကလပ်ဒေသကို သွားရဦးမည်ဟုသိရသောအခါ ရင်ထဲမှာ အလိုလိုပျော်နေမိပါသည်။ ယခင် နာဂစ်မုန်တိုင်းအပြီး ပြန်လည်တည်ဆောက်ရေးကာလက အလွန်နီးကပ်စွာ အကျွမ်းဝင်ခဲ့သော မိတ်ဆွေများကို ပြန်လည်တွေ့ချင်နေမိပါသည်။ သို့နှင့်ပင် ကျွန်တော်တို့အဖွဲ့သည် ပြင်ဆင်စရာရှိသည်များ ပြင်ဆင်ပြီး ရန်ကုန်မှ ၂၂-၁-၂၀၀၉ ရက် ည ၉ နာရီ ၄၅ မိနစ်တွင်ကားများဖြင့် စတင်ထွက်ခွာခဲ့ရာ ၂၃-၁-၂၀၀၉ ရက် နံနက် ၁ နာရီ ၄၅ မိနစ်တွင် ပုသိမ်မြို့သို့ ရောက်သည်။

ပုသိမ်မြို့ရဲ့ညက တစ်မျိုးလှပလို့ပင်နေပါသည်။ မြွေကြီးတစ်ကောင်အလား ပုသိမ်မြို့ကမ်းကိုမှေးတည်နေသော ငဝန်မြစ်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုလေအေးတွေက ရင်ကိုအေးမြပြီး လန်းဆန်းစေပါသည်။ နံနက် ၂ နာရီခွဲတွင်

စက်များဖြင့် ဆားကွင်းပြုပြင်နေကြစဉ်။

သဘော်ပေါ်သို့ တက်ခဲ့ပါသည်။ သစ္စာမောင် သဘော်ဖြစ်ပါသည်။ သဘော်က တန် ၁၈၀ ခန့် တင်မောင်းနိုင်သော သစ်သားကိုယ်ထည် သဘော်ကြီးပင်ဖြစ်ပါသည်။ Mazda Jeep (သို့) Ford (ဖို့ဒ်)ပစ်ကပ်ကားတစ်စီးကို ဝမ်းဗိုက်ပေါ်မှာတင်ပြီး သွားနိုင်ပေသည်။ သို့နှင့် ကျွန်တော်တို့စီးလာသော Ford (ဖို့ဒ်)ပစ်ကပ်ကားကို တစ်ပါတည်း တင်ခဲ့ပေသည်။ ဟိုရောက်ရင် ခရီးဆက်ရန်နှင့် တိုးတက်မှုတွေလိုက်ကြည့်ရန် ဖြစ်ပါသည်။ ယခင်က ချောင်းဝ၊ ပြင်ခရိုင်၊ ကျောက်ကလပ်ဒေသများကို ဒေသတစ်ခုနှင့်တစ်ခု ကားနှင့်သွားရန် မလွယ်ကူပေ။ ကားလမ်းကောင်းစွာမရှိပေ။ လမ်းကြမ်းဖြစ်ပါသည်။ လယ်ကွင်း၊ ဆားကွင်းများဖြတ်ပြီး သွားရခြင်းသာဖြစ်ပါသည်။ ယခင်က ယင်းဒေသတွင် ပြင်ခရိုင်မှ ဆားသူကြီးပိုင်သော ဂျစ်ကားတစ်စီးသာလျှင်ရှိပေသည်။ ဂျစ်ကားဟု အမည်ခေါ်သာရှိသည်။ ဆားဒဏ်နှင့် အတော်ယိုယွင်းခဲ့နေပြီဖြစ်ပေသည်။ ယခု နာဂစ်မုန်တိုင်းအပြီး ပြန်လည်တည်ဆောက်ရေးကာလများတွင် ဒေသတစ်ခုနှင့်တစ်ခု၊ နယ်မြေတစ်ခုနှင့်တစ်ခု၊ ကျေးရွာတစ်ခုနှင့်တစ်ခုကို ဆက်သွယ်ပြီး လျင်မြန်စွာသွားလာနိုင်ရန် ဒေသတာဝန်ယူသော သတ္တုတွင်းဝန်ကြီးဌာနမှ စီမံကွပ်ကဲပြီး လမ်းပြင်၊ တံတားပြင်မှုများကြောင့် ဆိုင်ကယ်၊ ထော်လာဂျီယာဉ်များပင် ချောင်းဝမှ ကျောက်ကလပ်ထိ တွင်ကျယ်စွာ မိုးရွာနေပူမရှောင် မောင်းနှင်နိုင်ပြီဖြစ်သည်။

ကျွန်တော် ရောက်ခဲ့စဉ်က လူက ဆိုင်ကယ်ကိုစီးလိုက်၊ ဆိုင်ကယ်က လူကိုပြန်စီးလိုက်ဖြင့် သွားခဲ့ရသည်။ ခရီးသည်များလည်း သည်အတိုင်းပင်ဖြစ်ပါသည်။ ယခုတော့ ခရီးသည်များသည် ဆောင်းတွင်းမှာပင် ဆိုင်ကယ်၊ထော်လာဂျီ၊ လိုင်းကားနှင့် ဌာနဆိုင်ရာကားများဖြင့် တွင်ကျယ်စွာသွားလာနေရပြီဟု သိရပေသည်။ သို့နှင့် ကျွန်တော်တို့အဖွဲ့လည်း ပါလာသည့် (ဖို့ဒ်)ပစ်ကပ်ကားလေးကို ယူလာခဲ့ခြင်းပင်ဖြစ်ပါသည်။

နံနက် ၂ နာရီခွဲက ထွက်ခဲ့သော်လည်း လတစ်ခြမ်းမို့ အလင်းရောင်ရေးတေးတေး တွေ့နေရပေသည်။ ကမ်းနံဘေးမှ ရွာများမှလည်း ငါးဖမ်းမှာမို့ လယ်ဆင်းမှာမို့ ထင်ပါသည်။ မှိတ်တုတ်တုတ်မီးရောင်လေးများ တွေ့နေရပေသည်။ အချို့ စက်လှေများလည်း ငဝန်မြစ်တွင်း သွားနေသည်ကို တွေ့ရပေသည်။ ကျွန်တော်တို့သဘော်ကတော့ ပုံမှန်ပင် မောင်းလျက်ရှိပေသည်။ ရာသီဥတုသာယာသည်ဟု ပြောရမည်ဖြစ်ပေသည်။ လေမတိုက်၊ လှိုင်းမထန်သဖြင့် သဘော်အရှိန်လေးနှင့် အေးသောလေနုအေးလေးကြောင့် သဘော်ပေါ်ရှိ အိပ်ရာပေါ်လှဲနေရသည်ကလည်း တစ်မျိုးတော့ဇိမ်ကျသလို ခံစားနေမိပါသည်။ တကယ်တော့ ပုသိမ်မှ ဟိုင်းကြီးကျွန်းမြို့နယ် ကျောက်ကလပ်၊အုတ်တွင်း၊ ဒီဒူးကုန်း၊ ပြင်ခရိုင်၊ ချောင်းဝသို့ သွားသော အမြန်ယာဉ်မှာ အမြဲမရှိပေ။ နေ့စဉ် ဟိုင်းကြီးကျွန်းနှင့် ပုသိမ်သာသွားပြီး ကျန်နေရာများကို ဒေသအခေါ် လိုင်းပေါက်ဟုခေါ်သော လိုင်းမော်တော်ယာဉ်များသာ သွားပေသည်။ နေ့စဉ် ပြင်ခရိုင်၊ ဒီဒူးကုန်း၊ အုတ်တွင်းတို့မှ ညနေ ၆နာရီတွင်ထွက်လျှင် နောက်တစ်နေ့နံနက် ၄နာရီ(သို့မဟုတ်) မိုးလင်းလျှင် ပုသိမ်ရောက်ပြီဖြစ်ပါသည်။ လမ်းတစ်လျှောက် ရွာများကပ်ပြီး လူ၊ကုန်များကိုတင်ပြီး တစ်ညလုံးမောင်းနှင်ရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ပင် ပုသိမ်မှ နံနက် ၄နာရီထွက်ပြီး ညနေ ၆ နာရီ၊ တစ်ခါတစ်ရံ ရေချိန်ကြောင့် ည ၈ နာရီမှ ယင်းရွာတွေကို သဘော်ရောက်ပါသည်။ ရေချိန်ဆိုသည်မှာ ချောင်းဝထဲကို ဒီရေတက်မှ သဘော်ဝင်နိုင်တာမို့ ရေတက်ချိန်စောင့်ရသည်ကို ဒေသအခေါ် ရေချိန်ဟုခေါ်ကြပေသည်။ ဟိုင်းကြီး ကျွန်းသွား အမြန်ယာဉ်မှာ ဂျစ်ကားပင်တင်မရပေ။ ကုန်နည်းနည်းနှင့် လူ၂၀၀လောက်တင်နိုင်ပြီး မော်တော်ယာဉ်ကြီးများနှင့်စာလျှင် ပိုမိုမြန်သော ရေယာဉ်များပင်ဖြစ်ပါသည်။ တချို့ရေယာဉ်များသည် တစ်နာရီ ရေမိုင် ၁၀မိုင် မှ ၁၅မိုင်ထိ မောင်းနှင်နိုင်ကြပေသည်။ မည်သို့ပင်ဖြစ်စေ ထိုမြေ၊ ထိုရေ၊ ထိုလူတွေနှင့် ထိုလှေများသည် မြအဏ္ဏဝါပင်လယ်ပြင်မှာ ကြည်သာရှင်မြူး ရွှေငါးကူးသလို အသွင်ထူးစွာ လိုက်ဖက်လျက်ရှိပါသည်။

ကျွန်တော့်အတွေးများ ပွံ့လွင့်နေဆဲမှာပင် ချောင်းဝရောက်တော့မည်ဆိုသဖြင့် နာရီကိုကြည့်မိပါသည်။ နံနက် ၁၁နာရီခွဲ ရှိပြီ။ ချောင်းဝဆိပ်ကမ်းကို လှမ်းမြင်ရပေသည်။ ကျွန်တော်တို့က ချောင်းဝမှာဆင်းမည်။ ကျွန်တော်တို့စီးလာသည့် မော်တော်က ရေချိန်စောင့်ပြီး ပြင်ခရိုင်ချောင်းတွင်းဝင်ရမည်။ ချောင်းဝရွာကတော့ ငဝန်မြစ်နှင့် ပင်လယ်ဝဆုံဖြစ်သဖြင့် ရေချိန်မလိုပေ။ ချောင်းဝသည် အရင်တစ်ခေါက်နှင့် လုံးဝ

ငါးအဝယ်ဒိုင်တွင် ရွေးချယ်နေကြစဉ်။

မတူတော့ပါ။ ယခင်လို ယိုင်နဲ့နေသော အိမ်၊ မပြိုလဲရန် ဒေါက်ထောက်ထားသော အိမ်၊ အမိုးလန် သွပ်ပြန်နေသော အိမ်များ မတွေ့ရတော့ပါ။ အားလုံးကား သစ်လွင်တောက်ပနေခဲ့ပြီ။ ထို့အပြင် CDMA ဖုန်းများဖြင့် နယ်၊အဝေး၊အနီး ပြောနိုင်သည်ဟူသော ဖုန်းဆိုင်လေးတွေကလည်း လမ်းဘေးမှာ စတိုးဆိုင်များနှင့်အတူ နေရာယူထားသည်။ လူတွေ၏မျက်နှာ၊ ရောင်းဝယ်ဖောက်ကားနေသည်များ၊ ကက်ဆက်သံလွင့်ပျံ့၍ ထွက်နေသော လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်လေးတွေကို တွေ့ရပြန်တော့ မှားဆင်းလာမိသလားလို့ သံသယဖြစ်မိပြန်ပါသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်သော နှစ်ထပ်အာစီကျောင်းဆောင်သစ်ကြီးနှင့် နာဂစ်မုန်တိုင်းတွင် ပျက်စီးခဲ့သော နှစ်ထပ်အုတ်ညှပ်ကျောင်းဆောင်ကြီး ပြုပြင်ပြီးစီးမှုများကို တစ်ပြိုင်တည်းတွေ့လိုက်ရပြန်ပါသည်။ ယင်းမှ ကျွန်တော်တို့အဖွဲ့သည် ချောင်းဝအထွက် သပြေငူရွာကလေးကို ရောက်ရှိခဲ့ပေသည်။ သပြေငူစံပြကျေးရွာ၊ ဟုတ်ပါသည် စံပြဖြစ်ထိုက်ပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ် ညွှန်ကြားချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာနနှင့် ရွှေသံလွင်ကုမ္ပဏီတို့က အိမ်ခြေ ၅၀ အသစ်တည်ဆောက်ပေးထားသော ကျေးရွာလေးဖြစ်ပါသည်။ ချောင်းဝ၊ ပြင်ခရိုင်သွား ကားလမ်း၏ အနောက်ဘက်ကပ်လျက်ရှိပါသည်။ တစ်အိမ်လျှင် ကျပ် ၆၀၀၀၀၀ နှုန်းဖြင့် ဆောက်လုပ်ပေးခဲ့သော အိမ်ကလေးများပင် ဖြစ်ပါသည်။ အိမ်လေးများ၏ နောက်ဖေးတွင် အိမ်နောက်ဖေး ဈေးဆိုင်တည် ဟူသောစကားရပ်နှင့်အညီ စိုက်ပျိုးထားသော ၁၀မျိုး၊ ၁၀ဘောင် မက ဘူး၊ သခွား၊ ဖရုံ၊ ငှက်ပျော စုံလင်စွာဖြင့် ပုံပမာ ယာတော ရောနှောကာ စားချင်စရာ အဖြာဖြာလည်း တစ်ပါတည်း တွေ့လိုက်ရသည်။ ထိုသပြေငူကျေးရွာအတွင်း နာဂစ်မုန်တိုင်းဒဏ်ကြောင့် လုံးဝပျက်စီးသွား၍ အိမ်အသစ်လေးတွေ ဆောက်ပေးသည်မက နှစ်ထပ်အာစီ မူလတန်းကျောင်းကလည်း ဆောက်နေပြီလေ. .။ ရွာနံဘေး ကပ်လျက်မို့ အချိန်မကုန် လူပို့စရာမလို အချိန်တိုနှင့်ပင် စာတတ်ကြတော့မည်။

ကျွန်တော်တို့အဖွဲ့သည် မွန်းလွဲ ၁နာရီခွဲတွင် ဒီဒူးကုန်းကျေးရွာသို့ ရောက်ရှိခဲ့ပေသည်။ မြင်ရပါပြီ။ ငါးဒိုင်၌ ငါးများ၊ ပုစွန်များ သွင်းနေကြသော ရေလုပ်သားများ။ သူတို့တွေ၏ မျက်နှာများမှာ ပြုံးလို့ ရယ်လို့ပင်။ နေ့စဉ် ငါးတန်ချိန် ၃၀မှ ၄၀/၅၀အထိ ရကြပေသည်။ ယခင်နှင့်မတူ တစ်မူထူးခြားနေပေသည်။ ချောင်းဝ၊ ပြင်ခရိုင်၊ ဒီဒူးကုန်းကြား ကားလမ်းဘေး တွေ့ခဲ့ရသည့် စပါးကွင်းများမှာလည်း ရင့်မှည့်၍ ရိတ်သိမ်းနေပြီ၊ ဆားကွင်းတွေလည်း ယခင်လိုမဟုတ် ထွန်ယက်လို့ ဆားပင်စုနေကြပြီ။ အလားတူ အချို့လယ်ကွင်းတွင်းမှ ဖရဲခင်းများမှာလည်း ဖောင်တော်သီ ဒိုက်ဦးကဲ့သို့ပင် မြင်မြင်သမျှ ဘဝင်ကျစရာများပင် ဖြစ်ပါသည်။ ပြောင်းလဲမှုကတော့ မြန်ဆန်လွန်းလှပေသည်။

ကျွန်တော်တို့၏ ကားကလေးသည် ကျောက်ကလပ်တောင်ပေါ်သို့ ရောက်ခဲ့ပါသည်။ နာရီက မွန်းလွဲ ၂နာရီခွဲရှိလေပြီ။ သတ္တုတွင်းဝန်ကြီးဌာန ကွပ်ကဲမှုဖြင့် ဖွင့်လှစ်ထားသော မေတ္တာအောင်ဖောင်ဒေးရှင်းက တာဝန်ယူ ဆောက်ထားသည်။ အုတ်ဖိနပ်၊ ပျဉ်ကာ၊ သွပ်မိုးအိမ် ကလေးများကလည်း ကားလမ်း၏ တစ်ဖက်တစ်ချက်၌ ပဏာရလို့ နေသည်။ တစ်ဆက်တည်းပင် ရွှေသံလွင်နှင့် အာရုံဦးကုမ္ပဏီတို့က တာဝန်ယူတည်ဆောက်ခဲ့သော ကုန်းသာယာရွာသစ်၊ ခုံကြီးကျေးရွာ၊ ဘုန်းတော်ပြည့်ကျေးရွာတို့ကိုလည်း ကားလမ်း၏ လမ်းဘေးဝဲယာ၌ စနစ်တကျ တန်းစီထားသလိုတွေ့ရသည်။ စိုက်ခင်းလေးတွေကလည်း ၁၀မျိုး ၁၀ဘောင်မက ဘူး၊ ဖရုံ၊ သခွား၊ ငရုတ်၊ ချဉ်ပေါင်၊ ကြက်သွန် စိုက်ပျိုးထားသည်မှာလည်း အိမ်နောက်ဖေး ဈေးဆိုင်တည်ထားသလိုပင် စုံလင်စွာ တွေ့လိုက်ရပါသည်။ ထို့အပြင် ဘိလိယက်ခုံ၊ လက်ဖက်ရည်ဆိုင်များ၊ ကာရာအိုကေ၊ ဗီဒီယိုရုံနှင့် ညဘက် လမ်းမီးပါရနေသော ကုန်းသာယာရွာသစ်သည် ရွာသစ်မှ ဟုတ်ရဲ့လားဟု ကျွန်တော်ထင်မိပါသည်။ ကျွန်တော့်အဖွဲ့သားများကလည်း ကင်မရာတစ်လုံးနှင့် အလုပ်ရှုပ်ကုန်ကြပြန်ပြီ။ အသစ်ဖြစ်လာသော ကျေးရွာအလယ်တန်းကျောင်းအာစီကျောင်းဆောင်သစ်ကြီးကိုလည်း တွေ့ရသည်။

ပြင်ခရိုင် အထက်တန်း ကျောင်း ကို တွေ့ရစဉ်။

ကျွန်တော်တို့အဖွဲ့သည် ညဘက်တွင် ကုန်းသာယာရွာသစ်မှာ တည်းခိုကြပါသည်။ ပင်လယ်ပြင်ကို တောင်မြောက်တန်းနေသော စာမျက်နှာ ၅ ကော်လံ ၁ သို့

❍ စာမျက်နှာ ၄ မှ

အလျားခုနစ်မိုင်ခန့် အမြင့်ပေ ၇၀ ခန့်ရှိ ပင်လယ်ကမ်းစပ် ကျောက်ကလပ်တောင်ကုန်းတောင်တန်းများပေါ် ဆောက်ထားသော ကုန်းသာယာရွာသစ်၏အလှ ညမီးရောင်အောက်၊ လ အလင်းရောင်အောက်၌ မြင်တွေ့ရသော မြင်ကွင်းများသည် ဘယ်ပန်းချီမှ ရေးမမီနိုင်သည့် ပန်းချီကား တစ်ချပ်လိုပင်။

တကယ်တွင် ဤဒေသရှိ ဘုန်းတော်ပြည့်၊ ခုံကြီးကျေးရွာများသည်လည်း အနီးနားရှိ အုတ်တွင်းကျေးရွာ၊ သောင်ကလေးကျေးရွာနှင့် အောက်ပွွန်ဝကျေးရွာများကဲ့သို့ပင် မုန်တိုင်းတိုက်ခတ်စဉ် အသက်အိုးအိမ်များ အများအပြား ပျက်စီးခဲ့ကြသော ကျေးရွာများပင်ဖြစ်ပါသည်။ ဤနေရာကို နိုင်ငံတော်မှ နောင်လေမုန်တိုင်းဒဏ် မခံရစေရေးအတွက် Cyclone Shelter များ၊ အိုးအိမ်သစ် ပြန်လည်တည်ဆောက်ရေး ဒေသတွင်း လပွတ္တာ၊ အုတ်တွင်း၊ ကျောက်ကလပ်ကားလမ်း တည်ဆောက်ရေးလုပ်ငန်း၊ ဆားလုပ်ငန်းများ၊ ရေလုပ်ငန်းများ၊ လယ်ယာ လုပ်ငန်းများတွင် များစွာအထောက်အကူပြု ဆောင်ရွက်ပေးခဲ့ပေသည်။ စာရင်းများအရ အောက်ပါအတိုင်း လေ့လာတွေ့ရှိ ခဲ့ရပေသည်-

ထိုးထွက်နေသော ကျောက်စွန်းအငူတစ်ခုပင် ဖြစ်ပါသည်။ ကောင်းကင်ပြာ၊ ပင်လယ်ပြာကြီး၏အောက်၌ ထိုးထွက်နေသော တစ်ခုတည်းသောအလှရတနာဖြစ်ပါသည်။ ကုန်းသာယာရွာသစ်သည် ပင်လယ်ပြင်ကို မျက်နှာအပြည့်မူထားသော ကျွန်းကျောက်တန်းဆွယ်ပေါ်၌ တည်ထားသော ရွာလေးဖြစ်၍ ပင်လယ်ပြာ၊ ကောင်းကင်ပြာနှင့် နေထွက်နေဝင်မှာ အလွန်လှပသော ရွာလေးပင်ဖြစ်ပါသည်။ စီတန်းနေသော အုန်းပင်များနှင့် ကျောက်ကလပ်ရွာလေးကို အလှမ်းမဝေးဘဲမြင်တွေ့ရသကဲ့သို့ ပင်လယ်လှိုင်းများ၏ ရိုက်ခတ်သံများကိုလည်း နားဆင်နိုင်သော နေရာလေးပင်ဖြစ်ပါသည်။ ဤကျေးရွာသစ်လေးတွင် ဒေသခံပြည်သူများသည် ရေပေးဝေရေးစနစ်၊ တိုက်နယ်ဆေးရုံ၊ ဆေးပေးခန်း၊ အလယ်တန်းကျောင်း၊ စေတီ၊ ဘုရားကျောင်းကန်၊ ဇရပ်စုံလင်စွာနှင့်ပင်လယ်လေရှူရှိုက်ကာ သဘာဝ၏အလှကို လုပ်ငန်းခွင်မပျက်ခံစားနေကြသော ပြည်သူများ၏ အပြုံးမျက်နှာသည် ဖွံ့ဖြိုးတိုးတက်မှု၏ ပြယုဂ်တစ်ခုပင် ဖြစ်ပါသည်။ အမှန်တကယ်တွင် ဤဒေသ ဤကဲ့သို့ ပြောင်းလဲခဲ့ခြင်းသည် လွယ်လွယ်နှင့်တော့ မဟုတ်ပါ။ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ကိုယ်တိုင် ဆိုင်ကယ်စီး၊

အိမ်ရာသစ်ဆောက်လုပ်ပေးမှု

စဉ်	ကျေးရွာ	ဆောက်လုပ်သည့် ကုမ္ပဏီ	ဆောက်လုပ်မည့် အရေအတွက်	ဆောက်လုပ်ပြီး အရေအတွက်	ဆောက်လုပ်ဆဲ အရေအတွက်
၁	ဘုန်းတော်ပြည့်	ရွှေသံလွင်၊ အာရုံဦး၊ FMI	၄၂၈	၄၁၄	၁၄
၂	ခုံကြီး	ရွှေသံလွင်၊ အာရုံဦး၊ FMI	၆၃	၆၃	-
၃	သောင်လေး (အောင်ခိုင်)	တက်လမ်း	၁၇၇	၁၇၅	၂
၄	အောက်ပွွန်ဝ	တက်လမ်း	၁၂၅	၁၂၅	-
၅	ချောင်းဝ	FMI	၅၀	၅၀	-
၆	ကန်ဆိပ်	အောင်ချမ်းသာ	၆၀	၆၀	-
၇	အုတ်တွင်း	မြင့်မြတ်အလင်း	၉၂	၉၂	-
၈	ကျောက်ကလပ်	မေတ္တာဖောင်ဒေးရှင်း	၁၀၁	၉၄	၇
၉	ကျင်းကော	။	၇၁	-	၇၁
၁၀	ဒီဒူးကုန်း	။	၂၉	-	၂၉
၁၁	အဆင်းချိုင်	။	၅၀	-	၅၀
၁၂	သဲချောင်း	။	၇၀	-	၇၀
၁၃	မကျည်းချိုင်	။	၅၈	-	၅၈
		စုစုပေါင်း	**၁၃၇၄**	**၁၀၇၃**	**၃၀၁**

လယ်ယာကဏ္ဍအတွက်ဖြည့်ဆည်းပေးမှု

မျိုးစပါး	ကျွဲ/နွား	ထွန်စက်	စက်သုံးဆီ(ဒီဇယ်)
၁၁၁၀၀၉ တင်း	၂၀၅ ကောင်	၅၄၄ စီး	၅၁၈၀၀ ဂါလန်

ရေလုပ်ငန်းအတွက်ဖြည့်ဆည်းပေးမှု

လှေ	အင်ဂျင်စက်	ပန်ကာ	ငါးဖမ်းပိုက်မျိုးစုံ
၁၃၈၅၇စီး	၈၈၃	၈၈၃	၁၈၅၅

ဆားလုပ်ငန်းအတွက်ဖြည့်ဆည်းပေးမှု

လက်တွန်း ထွန်စက်	ထွန်စက်ကြီး	ရေစုပ်စက်/ပန့်	လျှော်သစ်/ အခြားသားသစ်	တာပေါ်လင်လိပ်	ဒီဇယ်
၅၁၁ စီး	၄၈ စီး	၈၆၃	၄၃၁၉	၃၉၀	၄၃၂၀၀၀ဂါလန်

လေဘေးဒဏ်ကာ အဆောက်အအုံဆောက်လုပ်နေမှု

စဉ်	ကျေးရွာ	အမျိုးအစား	တည်ဆောက်သည့်ကုမ္ပဏီ
၁	ချောင်းဝ	လူ (၅၀၀)ဆံ့	ရွှေသံလွင်
၂	ပြင်ခရိုင်	လူ (၅၀၀)ဆံ့	ရွှေသံလွင်
၃	သက္ကယ်သောင် အထက(၁)နေရာ	လူ (၅၀၀)ဆံ့	တက်လမ်း
၄	သက်န်းကုန်းကွင်းကြီး	လူ (၅၀၀)ဆံ့	FMI

လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်း လမ်းပန်းဆက်သွယ်ရေးဆောင်ရွက်မှု

လျာထား	ဆောင်ရွက်ပြီးစီးမှု			
အကွာအဝေးမိုင်	လမ်း	မြေသားတာပေါင်ဖို့ခြင်း	ကျောက်ချောလမ်း	ကျောက်ချထားခြင်း
၃၇ မိုင် ၄ ဖာလုံ	၇ မိုင် ၅ ဖာလုံ	၂ မိုင် ၆ ဖာလုံ	၄ ဖာလုံ	၄ ဖာလုံ

ဧရာဝတီတိုင်းသည် ရေမြေသယံဇာတပေါကြွယ်ဝသော တိုင်းကြီးတစ်တိုင်းပင် ဖြစ်ပါသည်။ ယင်းသယံဇာတများနှင့် လုပ်အားကိုပေါင်းစပ်ပြီး ကုန်ထုတ်လုပ်မှုတိုးတက်အောင်၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာအောင် ကြိုးစားသွားကြရမည်ဖြစ်ပေသည်။ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်း၍ ကျန်လုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ လုပ်ငန်းရှင်ကြီးများကပါ နိုင်ငံတစ်ဝန်းမှ ပြည်သူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ခြင်း၏ အကျိုးရလဒ်ကြောင့် ယနေ့ဧရာဝတီတိုင်း၌ များစွာပြောင်းလဲခဲ့သော မြင်ကွင်းများက သက်သေပြသနေသည်။

ကုန်းသာယာရွာသစ်လေးမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက ယခုစတင်ဖောက်လုပ်နေသည့် လပွတ္တာ - အုတ်တွင်း - ထိပ်စွန်းကားလမ်း၏ အုတ်တွင်းနှင့် ထိပ်စွန်းကြား၌ တည်ရှိနေသော ရွာလေးပင်ဖြစ်ပါသည်။ ထိပ်စွန်းဆိုသည်မှာလည်း မြန်မာပြည်အနောက်တောင်ဘက်အစွန်ဆုံး ပင်လယ်အတွင်း လှေတစ်တန်၊ ကုန်းတစ်တန် အပြန်ပြန်အလှန်လှန်သွားခဲ့ရသကဲ့သို့ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ၊ ဒေသဆိုင်ရာ ဝန်ထမ်းများ၊ ရွှေသံလွင်နှင့် အာရုံဦးကုမ္ပဏီ ဝန်ထမ်းများ၊ ဟိုင်းကြီးကျွန်းရေတပ်စခန်းဌာနချုပ်မှ စစ်သည်များ၊ နယ်မြေခံတပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါမကျန် နေ့/ည လေဘေးသင့်ပြည်သူများနှင့်အတူ သုံးလတာကာလအတွင်း ပြင်းပြင်းထန်ထန်ကြိုးစားခဲ့ရသည်။ စိတ်ဓာတ်မြင့်မားရေး၊ ကိုယ်ကာယကြံ့ခိုင်သန်စွမ်းရေးတို့အတွက်လည်း ကျေးရွာအလိုက် သဲသောင်ပြင်(ကျား/မ)ဘောလုံးပြိုင်ပွဲများ ကျင်းပပေးခြင်း၊ ပညာပေးဟောပြောပွဲများကျင်းပခြင်း၊ ကျန်းမာရေးအထောက်အပံ့ပေးခြင်း၊ စာသင်ကျောင်း၊ ဆေးပေးခန်းများ အစစအရာရာ ပြန်လည်ပြုပြင်အသစ်တည်ဆောက်ပေးခဲ့ခြင်း၊ နေ့မအား၊ ညမနားကြိုးစားဆောင်ရွက်ခဲ့ခြင်းများ၏ ရလဒ်သည် ယခု ဤကဲ့သို့ စိတ်ချမ်းမြေ့ဖွယ်မြင်ကွင်းများကို မြင်တွေ့ကြရခြင်းပင် ဖြစ်ပါသည်။ မကြာမီ ပြီးစီးမည့် လပွတ္တာ-ကျောက်ကလပ်ကားလမ်း လမ်းအူကြောင်းနှင့် လမ်းအကြမ်းပြီးသွားပါက ၃၇မိုင်ခရီးကို ဆိုင်ကယ်ဖြင့် နှစ်နာရီမျှသာကြာပေတော့မည်။ ဤရွာသားများ၏ ကုသိုလ်ကံများက ထူးလှပါပေသည်။

ဤသို့ဖြင့် ကျွန်တော်တွေးနေမိဆဲမှာပင် ကျွန်တော့်အား နှုတ်ဆက်သံကြား၍ လှည့်ကြည့်မိလိုက်ရာ ကုန်းသာယာ ရွာသူကြီး ဦးစိုးချစ်ကို တွေ့လိုက်ရပါသည်။ ကျွန်တော်က "လုပ်ငန်းအဆင်ပြေရဲ့လား၊ အရင်နဲ့ဘယ်လိုနေသေးလဲ"ဟု မေးလိုက်ပါသည်။ ကျွန်တော်တို့ နေထိုင်ရတဲ့အိမ်ကလဲ မိသားစုအတွက် အဆင်ပြေပြီး ဈေးဆိုင်လည်းဖွင့်ထားပါတယ်၊ ကျန်တဲ့သူတွေလဲ ကိုယ်စီလုပ်ငန်း၊ လယ်ကွင်း၊ ဆား၊ ရေလုပ်ငန်း၊ မြန်မာ့ဆက်သွယ်ရေးတယ်လီဖုန်း၊ ဝင်းသူဇာအရောင်းဆိုင်၊ လျှပ်စစ်မီးတွေစုံလို့ပါပဲ၊ အဆင်ပြေမှပြေ၊ လမ်းမီးရလို့ ကိုယ့်ရွာကို မြို့ထင်နေတာဗျ။ အရင်ငယ်ငယ်တုန်းကသီချင်းလိုပေါ့ အရင်တုန်းကနဲ့မတူ၊ အခုတော့ တစ်မူထူးလို့၊ ပျော်စရာကောင်းလှပါ ဘိနော်ဆိုတာလေ" ဟု ပြောသောအခါ ကျွန်တော်ပြုံးလိုက် မိပါသည်။ အားရအောင် ပြုံးလိုက်မိပါသည်။ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခင် မုန်တိုင်းသင့်ဒေသများသည် ဦးစိုးချစ်ဆိုပြတဲ့သီချင်းကဲ့သို့ "အရင် တုန်းကနဲ့ မတူ၊ အခုတော့ တစ်မူထူးလို့ ပျော်စရာ ကောင်းလှပါဘိကွယ်" ဟုသာ ရေးသားတင်ပြလိုက်ရပါတော့သည်။ ။

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ ကတ္တရာလမ်းသစ်ဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၄၈ လမ်း × မနော်ဟရီလမ်းမှ မြို့ပတ်လမ်းအထိ ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် မန္တလေးချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါလမ်းသစ်၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်ပြီး မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်အတူ လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၁ နာရီတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၀၉ ခုနှစ် ပြည်နယ်နှင့်တိုင်းအမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲတွင် ပထမ တံခွန်စိုက်ဗိုလ်ဆုရ မန္တလေးတိုင်းဘောလုံးအသင်းအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၆၅၆) ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်တွင် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်က ရှေးပျူခေတ်ဝင်မြို့ဟောင်းကြီးတစ်မြို့ကို ခိုင်မာသော အထောက်အထားများဖြင့် ရှာဖွေတွေ့ရှိ၊ ကချင်ပြည်နယ်၌ ရေခဲတောင် ပရဆေးဥယျာဉ်ကြီးတစ်ခု တည်ထောင်မည်၊ မြန်မာနိုင်ငံမှ အွန်လိုင်းစာမေးပွဲစင်တာ ဒေသတွင်းအကောင်းဆုံး စွမ်းဆောင်မှုဆုရရှိ၊ ပြည်တွင်း၌ ပထမဦးဆုံးထုတ်သည့် နေမီးအိမ် ဈေးကွက်အတွင်း စတင်ရောင်းချ၊ မြန်မာနိုင်ငံရှိ မြို့ကြီးငါးမြို့၏ အသေးစိတ်မြေပုံ အချက်အလက်များ ပါဝင်သော GPS ကို တီထွင် အောင်မြင်၊ မြန်မာ့ရဲယို ဓာတ်စာဖျော်ရည်ကို ဂျပန်နိုင်ငံကဝယ်ပြီ၊ ကျပ်သိန်း ၆၀ ကျော် ချီးမြှင့်မည့် အိမ်အလှဆင်ပြိုင်ပွဲ ပထမဆုံးကျင်းပမည်၊ ကိုရီးယားသင်္ဘောကုမ္ပဏီပိုင် သင်္ဘောပေါ်မှ မြန်မာသင်္ဘောသားနှစ်ဦး အစာအဆိပ်သင့်သေဆုံးရသည့်ဖြစ်စဉ်၊ ဆရာကြီးမင်းသိခ်အား ဒေါက်တာဘွဲ့ အပ်နှင်းလိုက်ပြီ၊ ဧရာဝတီရေလုပ်သားများ၏ လှေတစ်စင်းကို ဂျာမနီနိုင်ငံပြတိုက်တွင် ထားရှိမည်၊ မော်လမြိုင်မြို့တွင်ယာဉ်မျိုးစုံကို သုံးရက်ကြာလေလံတင်ရောင်းချမည်၊ အမျိုးသမီးတစ်ဦးက ၉၆ ရက်ကြာ ကမ္ဘာတစ်ပတ် ရွက်လွှင့်ခဲ့၊ ကမ္ဘာ့ပထမဆုံး လက်ပတ်ဗီဒီယိုဖုန်းများ ဝယ်ယူနိုင်တော့မည်၊ ပထမဆုံးအကြိမ် မျက်မမြင်မိန်းကလေး ကားမောင်းသင်၊ ကမ္ဘာ့အကြီးမားဆုံး ရေခဲခေတ်ရုပ်ကြွင်း အစုအဝေးကြီးကို လော့စ်အိန်ဂျလိစ်မြို့အောက်၌ တူးဖော်တွေ့ရှိ၊ ပေ ၁၀၀ ခန့်ရှည်လျားသည့် မြွေကြီးကို ရဟတ်ယာဉ်ပေါ်မှ ဓာတ်ပုံရိုက်ကူးနိုင်ခဲ့၊ (၂၃) ကြိမ်တိတိ လက်ထပ်ခဲ့ဖူးသော အမျိုးသမီးတစ်ဦး အသီးကျန်ဖြစ်နေပြန်၊ သီရိလင်္ကာနိုင်ငံ၏ မြို့တော်ကို တမီးလ်ကျားသူပုန်များက လေကြောင်းမှ တိုက်ခိုက်၊ ရုရှားစစ်သင်္ဘောက တရုတ်ကုန်တင်သင်္ဘောတစ်စင်းကို ပစ်ခတ်နှစ်မြှုပ်ခဲ့၊ အမျိုးသမီးတစ်ဦး၏ ဆံထုံးက သေနတ်ကျည်ဆန်ကို အံ့သြဖွယ်တားဆီးနိုင်ခဲ့၊ ယခုနှစ် အော်စကာရုပ်ရှင်ထူးချွန်ဆုပေးပွဲ မြင်ကွင်း --- စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို ဈေးနှုန်းတိုးမြှင့်ခြင်းမရှိဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာအုပ် စာပေ လူ့မိတ်ဆွေ

ဖေဖော်ဝါရီ ၂၁ ရက်က အမက(၂၂) တာမွေ ပညာရည်ချွန်ဆုပေးပွဲနှင့် ဘက်စုံဆုပေးပွဲတွင် ၂၀၀၄ - ၂၀၀၅ ခုနှစ်မှ ၂၀၀၈ - ၂၀၀၉ခုနှစ်အထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော စတုတ္ထတန်းမှ မောင်ဘုန်းမင်းသန့်အား ကျောင်းအကျိုးတော်ဆောင် အတွင်းရေးမှူး ဦးရွှေဖိ(စိန်ကုလားသွေးဆေး)က ရွှေသားအစစ်ရွှေဆွဲပြားကို ချီးမြှင့်စဉ်။

(ပညာရေး)

ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင် ၃၈၀ ခရီးရှည်စက်ဘီးစီးပြိုင်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန် - မော်လမြိုင်-ရန်ကုန် မိုင် ၃၈၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲကို သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးစဉ်။

(အား/ကာ)

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ယနေ့နံနက် ၆ နာရီတွင် သုဝဏ္ဏအားကစားကွင်းရှေ့၌ ကျင်းပသော ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင် ၃၈၀ ခရီးရှည်စက်ဘီးစီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သေနတ်ပစ်ဖောက် ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ စက်ဘီးစီး အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။ အစီအစဉ်အရ ဝန်ကြီးက အဖွင့်အမှာ စကားပြောကြားပြီး တိုင်းမှူးက သေနတ် ပစ်ဖောက်ကာ တာလွှတ်ပေးသည်။

အဆိုပါ ပြိုင်ပွဲသို့ အားကစားသမား ၆၆ ဦးပါဝင်ယှဉ်ပြိုင်ကြပြီး ဖေဖော်ဝါရီ ၂၃ ရက် ရန်ကုန်မှ ကျိုက်ထို၊ ဖေဖော်ဝါရီ ၂၄ ရက် ကျိုက်ထိုမှ မော်လမြိုင်၊ ဖေဖော်ဝါရီ ၂၅ ရက် မော်လမြိုင်မှ ကျိုက်ထို၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျိုက်ထိုမှ ရန်ကုန်မြို့ ထောက်ကြန့်ယာဉ်ဖြတ်သန်းခ ကောက်ခံစခန်းအနီးတွင် ပန်းဝင်ကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ် (၇)ရပ် ပြီးမြောက်အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒ အဖြစ်ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပအဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ကြိုဆိုနှုတ်ဆက်

ဖေဖော်ဝါရီ ၂၃ ရက်က (၂၅)နှစ်မြောက် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ် ညစာခံပွဲသို့ တက်ရောက်လာသော ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူနှင့် ဇနီးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံရုံး ယာယီတာဝန်ခံ Mr. Pengiran Husaini Alauddin နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

အထူးအယူခံခုံရုံး တရားမအထူးအယူခံမှုများ စီရင်ချက်ချမှတ်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

တရားရုံးချုပ်(ရန်ကုန်)ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်)မှ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့် ဦးတင်အေးတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀ နာရီတွင် တရားရုံးချုပ်(နေပြည်တော်)တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှု ကိုးမှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်မ ၇ အရ တင်သွင်းသည့် တရားမ အထူးအယူခံမှု ငါးမှုကို ကြားနာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

“WiFi စနစ်ပါသောဖုန်း၊ လက်တော့ပ်များဖြင့် ဟိုတယ်နှင့် စားသောက်ဆိုင်ကြီးအချို့တွင် အင်တာနက် လွတ်လပ်စွာ အသုံးပြုနိုင်” သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ(၂) အမှတ်စဉ် (၆၆)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် ဝင်းသူဇာအရောင်းဆိုင်များ ငှားရမ်းလုပ်ကိုင်ရာတွင် သုံးလ အခမဲ့လုပ်ကိုင်ခွင့်ပြု၊ သစ်ခွမှဆေးဝါးထုတ်လုပ်ရန် သုတေသနပြုလုပ်လျက်ရှိ၊ အာဆီယံယူ-၁၆ အမျိုးသမီးဘောလုံးပြိုင်ပွဲ ရန်ကုန်မြို့၌ကျင်းပမည်၊ ကျောက်စိမ်းထွက်ဒေသသို့ ကမ္ဘာလှည့်ခရီးသွားများ လည်ပတ်ကြည့်ရှုနိုင်၊ ဝက်ကောင်ရေ ၁၂၅၀၀၀ ဝယ်ယူရန် အိန္ဒိယစာချုပ်ချုပ်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် ကုန်သွယ်ရေးတွင် တိုက်ရိုက်ဘဏ်စနစ်ဖွင့်လှစ်ဆောင်ရွက်မည်၊ အအေးခန်းကွန်တိန်နာအတွင်း အသက်ရှူကြပ်သေဆုံးသူများအတွက် ထိုင်းကုမ္ပဏီကလျော်ကြေးပေးခဲ့၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းအပေါင်ထား၍ နို့စားနွားတစ်ကောင်လျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ငွေထုတ်ချေးလျက်ရှိ၊ ဥရောပဈေးကွက်များကို အားထားနေ၊ နိုင်ငံခြားသွားသင်္ဘောသား အသက်အာမခံထားခြင်း၊ ဟိုးလေးတကျော်ဖြစ်သွားသော မလေးရှား လိင်အရှုပ်တော်ပုံ၊ စံချိန်မမီသော ထုတ်ကုန်များနဲ့ မသမာသည့်စားသောက်ကုန်များ ဈေးကွက်အတွင်းများနေ၊ ဆူးလေဘုရားလမ်းမ လူကူးမျဉ်းကြားအသုံးပြုခွင့်မပေးတော့ တော်ဝင်တံတားမှ ဖြတ်သန်းရမည်၊ ပါမောက္ခဒေါက်တာမြသိန်းဟန်၏ သိကောင်းစရာဦးနှောက်ကင်ဆာ၊ အစ္စရေးနှင့် အမေရိကန်ထောက်လှမ်းရေးဌာနများက အီရန်နျူအစီအစဉ်များအား လျှို့ဝှက်လုပ်ကြံလျက်ရှိဟုဆို၊ အစ္စရေးလေယာဉ်များကို ပစ်ချမည်ဟု ဟစ်ဗ်ဘိုလာခြိမ်းခြောက်စသည့်နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်အား အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်ဟု သိရသည်။ (သတင်းစဉ်)

နေပြည်တော်ရှိ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲတွင် နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့မှ ဌာနခွဲမှူး ဒုတိယရဲမှူး မျိုးညွန့်ဦး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောစဉ်။

(သတင်းစဉ်)



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ဖွင့်လှစ်လျက်ရှိသည့် အဆင့်မြင့်အိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၂၀)မှ သင်တန်းသူ ၂၃ဦး၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၅၈)မှ သင်တန်းသူ ၁၂၀၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၅၉)မှ သင်တန်းသူ ၄၀၊ ဗဟိုလေ့ကျင့်ရေးကျောင်းမှ ဝန်ထမ်း၊ မိသားစု ၃၇ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒေသစည်းရုံးရေးမှူး ဒေါက်တာဒေါ်လှဒါနီချိန်က “သွားနှင့်ခံတွင်း အခြေခံကျန်းမာရေး” ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(အပေါ်ပုံ)

ဥတုရာသီ တောက်ကိုမှီ၏

နိုင်ငံတစ်ဝန်း လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်

နိုင်ငံတော်အစိုးရ၏ အကောင်အထည်ဖော် ဆောင်ရွက်ချက်များ

ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ သူ‌ဌေးချောင်းပေါ်၌ တည်ဆောက်လျက်ရှိသော သူဌေးရေအားလျှပ်စစ် စီမံကိန်းကို တွေ့ရစဉ်။

ဆန့်ကျင်ဘက်အဖွဲ့များက ပြည်သူအား ရိုးရိုးသားသား စည်းရုံးဆောင်ရွက်ခြင်းမပြုဘဲ လျှပ်စစ်မီးနှင့် သောက်သုံးရေကိစ္စကို ခုတုံးလုပ်ပြီး မျက်လှည့်ပြ သွေးထိုးလှုံ့ဆော်ရန် မရိုးမသား ကြိုးပမ်းကြံစည်နေကြသည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံနှင့် ပြည်သူအားလုံးအတွက် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးကို အဘက်ဘက်က အားတက်သရော ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်းတွင် လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်ပေးထားမှုများအား အောက်ဖော်ပြပါဇယားနှင့် အချက်အလက်များကို ကြည့်ခြင်းအားဖြင့် ထင်ရှားပေါ်လွင်စွာ သိရှိနိုင်ပါသည် -

အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၁၉၈၈နောက်ပိုင်း	တိုးတက်မှု
တစ်နိုင်ငံလုံးဓာတ်အားသုံးစွဲယူနစ်	သန်းပေါင်း	၁၅၅၉.၃၀၈	၄၅၀၇.၉၁၆	၂၉၄၈.၆၀၈
ရေအားလျှပ်စစ်စက်ရုံပေါင်း	ရုံ	၁၄	၅၀	၃၆
တည်ဆောက်ဆဲရေအားလျှပ်စစ်စီမံကိန်း	ခု	-	၂၃	၂၃
ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် ဖက်စပ် အကောင်အထည်ဖော်လျက်ရှိသည့် စီမံကိန်း	ခု	-	၁၃	၁၃
ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အနာဂတ် စီမံကိန်း	ခု	-	၁၃	၁၃

- ✦ ၁၉၈၈ ခုနှစ်မတိုင်မီ တည်ဆောက်ပြီး ရေအားလျှပ်စစ်စက်ရုံ ၁၄ ရုံအနက် အကြီးစားစက်ရုံအနေဖြင့် ဘီလူးချောင်း-၂ (လောပိတ)နှင့် ကင်းတားစက်ရုံနှစ်ရုံသာ ပါဝင်သော်လည်း လက်ရှိတည်ဆောက်ပြီး ရေအားလျှပ်စစ်စက်ရုံ ၅၀ အနက် အကြီးစားစက်ရုံ ၁၅ ရုံပါဝင်သည်။
- ✦ တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်း ၂၃ ခုအနက် အထက်ပေါင်းလောင်း၊ နန်ချို၊ ရဲရွာ၊ ကွန်းချောင်း၊ ဖြူးချောင်းစသည့် စီမံကိန်းခြောက်ခုမှာ ၂၀၀၉-၂၀၁၀ပြည့်နှစ်တွင် ပြီးစီးမည်ဖြစ်သည်။ သောက်ရေခပ်-၂နှင့် အမ်းစီမံကိန်းတို့မှာ ၂၀၁၀-၂၀၁၁ခုနှစ်တွင် လည်းကောင်း၊ သူဌေးရေအားလျှပ်စစ်စီမံကိန်းသည် ၂၀၁၁-၂၀၁၂ခုနှစ်တွင်လည်းကောင်း၊ အထက်ကျိုင်းတောင်းစီမံကိန်းသည် ၂၀၁၂-၂၀၁၃ခုနှစ်တွင် လည်းကောင်း ပြီးစီးမည်ဖြစ်ပြီး ထိုသို့ ပြီးစီးချိန်တွင် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် ၂၉၉၉ ဒသမ ၅မဂ္ဂါဝပ် ရှိလာမည်ဖြစ်ပြီး လိုအပ်ချက်ထက် ကျော်လွန်ထုတ်လုပ်နိုင်မည် ဖြစ်သည်။
- ✦ ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် ဖက်စပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်း ၁၃ ခု ပြီးစီးပါက မဂ္ဂါဝပ် ၂၁၀၀၀ကျော် ထွက်ရှိမည်ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ ယင်းစီမံကိန်း ၁၃ ခုမှာ ရွှေလီ-၂၊ ထမန်သီ၊ တာဆန်း၊ ဟတ်ကြီး၊ ဧရာဝတီမြစ်ဆုံ၊ ချီဖွေ၊ ချီဖွေငယ်၊ တာပိန်-၁၊ တာပိန်-၂၊ အထက်သံလွင်၊ တနသ်ာရီ၊ ဘီလူးချောင်း-၃နှင့် စိုင်တင်တို့ ဖြစ်သည်။
- ✦ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် စီမံကိန်း ၁၃ ခု လျာထားပြီး မဂ္ဂါဝပ် ၁၁၈၅၀ ထပ်မံ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်သည်။
- ✦ ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားများကို ပြည်သူများထံ ဖြန့်ဖြူးပေးနိုင်ရန်အတွက် မဟာဓာတ်အားလိုင်းစီမံကိန်းများ၊ ပင်မဓာတ်အားခွဲရုံစီမံကိန်းများကို ပြည်နယ်နှင့်တိုင်းအနှံ့ တည်ဆောက်ဖြန့်ဖြူး ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းတို့အနက် မန္တလေးတိုင်းအတွင်း လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးထားမှုများအား တစ်ဖက်ဖော်ပြပါအချက်အလက်များကို ကြည့်ခြင်းအားဖြင့် ထင်ရှားပေါ်လွင်စွာ သိရှိနိုင်ပါသည် -

ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားများကို ပြည်သူများထံ ဖြန့်ဖြူးပေးနိုင်ရန်အတွက် မဟာဓာတ်အားလိုင်းစီမံကိန်းများ၊ ပင်မဓာတ်အားခွဲရုံစီမံကိန်းများကို ပြည်နယ်နှင့်တိုင်းအနှံ့ တည်ဆောက်ဖြန့်ဖြူး ဆောင်ရွက်ပေးလျက်ရှိ။

အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၁၉၈၈နောက်ပိုင်း	တိုးတက်မှု
ဓာတ်အားသုံးစွဲယူနစ်	သန်းပေါင်း	၁၈၃.၅၉	၁၀၅၈.၆၁၃	၈၇၅.၀၂၃
မီးသုံးစွဲသူအိမ်ထောင်စုပေါင်း	စု	၈၁၄၂၁	၃၁၁၆၉၆	၂၃၀၂၇၅
ရေအားလျှပ်စစ်စက်ရုံပေါင်း	ရုံ	၁	၃	၂
တည်ဆောက်ဆဲရေအားလျှပ်စစ်စက်ရုံပေါင်း	ရုံ	-	၃	၃

- ✦ မန္တလေးတိုင်းအတွင်း ၁၉၈၈ခုနှစ်မတိုင်မီက အကြီးစားစက်ရုံစီမံကိန်းအနေဖြင့် ကင်းတားရေအားလျှပ်စစ်စက်ရုံသာ ရှိခဲ့သော်လည်း ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် ဆည်တော်ကြီးစက်ရုံ (၂၅မဂ္ဂါဝပ်)နှင့် ပေါင်းလောင်းစက်ရုံ (မဂ္ဂါဝပ် ၂၈၀) တို့ကို တည်ဆောက်ပေးနိုင်ခဲ့သည်။
- ✦ တည်ဆောက်ဆဲရေအားလျှပ်စစ်စီမံကိန်းများမှာ ရဲရွာရေအားလျှပ်စစ်စီမံကိန်း (မဂ္ဂါဝပ် ၇၉၀)၊ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း (မဂ္ဂါဝပ် ၁၄၀)နှင့် နန်ချိုရေအားလျှပ်စစ်စီမံကိန်း (၄၀ မဂ္ဂါဝပ်)တို့ဖြစ်ပြီး ယင်းစီမံကိန်းများမှ မဂ္ဂါဝပ်စုစုပေါင်း ၉၇၀ ထုတ်လုပ်ရရှိမည်ဖြစ်သည်။
- ✦ မန္တလေးတိုင်းအတွင်း ဓာတ်အားဖြန့်ဖြူးမှုအနေဖြင့် ရွှေလီ-မန်စံ-ရွှေစာရံ မဟာဓာတ်အားလိုင်း စီမံကိန်းအပါအဝင် 230 KV မဟာဓာတ်အားလိုင်းရှစ်ခု၊ 132 KV မဟာဓာတ်အားလိုင်း စီမံကိန်း ခုနစ်ခု၊ 230 KV ပင်မဓာတ်အားခွဲရုံစီမံကိန်းခုနစ်ခု၊ 130 KV ပင်မဓာတ်အားခွဲရုံစီမံကိန်းနှစ်ခု တည်ဆောက်ပြီး ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိသည်။

ရွှေလီ-မန်စံ-ရွှေစာရံ ဓာတ်အားလိုင်းအတွက် သွယ်တန်းတည်ဆောက်ထားသော မဟာဓာတ်အားလိုင်း မန်စံအား တွေ့ရစဉ်။

ဤလယ်မ်းတံတားများရှိနေခြင်းဖြင့် အရေးကြုံပါက အချိန်မီရှောင်တိမ်းနိုင်မည့် အပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မည့် လမ်းတံတားများ၊ အသက်ကယ်ကုန်းမြင့်များ၊ Cyclone Shelter များကို မိုးမကျမီ ပြီးစီးအောင်ဆောင်ရွက်

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြင်စလူမြို့၌ မက်စ်မြန်မာကုမ္ပဏီက ဆောက်လုပ်နေသည့် Hillock တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ် စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် လပွတ္တာမြို့နယ် ချောင်းဝရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ်ကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

❀ ရွှေဖုံးမှ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းကွန်ရက်စီမံကိန်းနှင့် လေမုန်တိုင်းအကာအကွယ် အဆောက်အအုံ Cyclone Shelter တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် အဖွဲ့ဝင်များနှင့်အတူ ပုသိမ်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ လပွတ္တာမြို့နယ် ပြင်ခရိုင်သို့ နံနက် ၉ နာရီတွင် ရောက်ရှိကြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် မျိုးမြင့်သန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ရွှေသံလွင်ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးကျော်နိုင်က Cyclone Shelter တည်ဆောက်ရန်အတွက် မြေကြီးလုပ်ငန်း၊ ဘိုးပိုင်လုပ်ငန်းနှင့် တည်ဆောက်ရေးပစ္စည်းများ စုဆောင်းထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က Cyclone Shelter အဆောက်အအုံပြီးစီးရေးကို ဦးစားပေးတည်ဆောက်ရန်နှင့် လာမည့်မိုးကာလမတိုင်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကံထူးသာယာရပ်ကွက်အနီး၌ မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းက ဆောက်လုပ်လှူဒါန်းသည့် Cyclone Shelter အဆောက်အအုံကို ကြည့်ရှုစစ်ဆေးရာ မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းမှ နာယက ဒေါ်တင်အေးက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကံထူးသာယာရပ်ကွက်သို့ရောက်ရှိပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ မိမိတို့အိမ်ပတ်ဝန်းကျင်တွင် လေဒဏ်လည်းခံနိုင်၊ အရိပ်လည်းရမည့် စားသုံးသစ်ပင်များ စိုက်ပျိုးကြရန်နှင့် မြေလွတ်များ၌ မီးဖိုချောင်သုံး စားသုံးသီးနှံပင်များစိုက်ပျိုးကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် နေအိမ်များ၌ စားသုံးသီးနှံပင်များ စိုက်ပျိုးထားမှု၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ CDMA တယ်လီဖုန်း တပ်ဆင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လပွတ္တာမြို့နယ် ချောင်းဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး ရွှေသံလွင်ကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည့် အလျားပေ ၇၀၊ အနံ ပေ ၃၀၊ အမြင့်ပေ ၃၀ရှိ အာစီနှစ်ထပ်ကျောင်းဆောင်ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အဆိုပါ ကျောင်းဝင်းအတွင်းရှိ ယာယီစာသင်ဆောင်၌ ကျင်းပသည့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားရာ၌ ယနေ့ မိမိတို့အဖွဲ့သည် ဧရာဝတီတိုင်းလေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းကွန်ရက်စီမံကိန်းများနှင့် Cyclone Shelter တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မိုးမကျမီ ပြီးစီးရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့ ခရီးစဉ်အတွင်း ယနေ့ချောင်းဝရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ် အဆောက်အအုံ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်အားပေးခြင်းဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် ကျောင်းဆောင်မှာ အသွင်သဏ္ဌာန်အားဖြင့် ခံ့ညားထည်ဝါမှုရှိသကဲ့သို့ ရေဒဏ်၊ လေဒဏ်ခံနိုင်ရန်အတွက် အမြင့်ပေတိုးမြှင့်ပြီး ခိုင်ခိုင်ခံ့ခံ့တည်ဆောက်ထားသည့် အဆောက်အအုံတစ်ခုဖြစ်ကြောင်း။

ထို့ပြင် ပြင်ခရိုင်ဒေသနေ လူငယ်လူရွယ်များအတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြစ်သည့် လက်သမား၊ ပန်းရန်၊ တွင်ခုံ၊ စက်ပြင်၊ အီလက်ထရွန်နစ်စသည့်အသက်မွေးဝမ်းကျောင်းပညာရပ်များကို စာတွေ့၊ လက်တွေ့ပေါင်းစပ်၍ သင်ကြားပေးမည့် စက်မှုလက်မှုအထက်တန်းကျောင်း ဖွင့်လှစ်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် ဤဒေသနေ လူငယ်လူရွယ်များအတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်များအပြင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ပညာရပ်များကိုပါ မိမိတို့ကျေးရွာများမှာပင် လွယ်လင့်တကူသင်ယူနိုင်ကြမှာ ဖြစ်ကြောင်း။

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပုသိမ်မြို့ ငါးအောက်ချောင်း တိုင်း ငါးလုပ်ငန်းဦးစီးဌာနဝင်းအတွင်းရှိ ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးတွင် စိုက်ပျိုးထားသည့် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေးအတွက် အခြေခံပညာကျောင်းများကို ကျေးလက်ဒေသများ၌ တစ်ဆက်တစ်စပ်တည်း လွယ်လင့်တကူ သင်ယူနိုင်စေရအောင် စီစဉ်ဆောင်ရွက်ပေးထားသကဲ့သို့ အဆင့်မြင့်ပညာရပ်များကိုလည်း မိမိတို့ဒေသအသီးသီးမှာပင် တစ်ဆက်တစ်စပ်တည်း သင်ယူနိုင်စေရအောင် စီစဉ်ပေးထားကြောင်း။

ထို့ကြောင့် ကျောင်းသားမိဘများအနေဖြင့် မိမိတို့သားသမီးများကို ကျောင်းနေအရွယ်မှာ ကျောင်းနေရေး၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာများကို ဆုံးခန်းတိုင်သင်ကြားနိုင်ရေးကို အားပေးဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့်လည်း ပညာသင်ယူနိုင်မှုအခွင့်အလမ်းသည် လက်တစ်ကမ်းအကွာတွင်ပင်ရှိနေသည့်အတွက် ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်ရန် ကြိုးပမ်းအားထုတ်ကြရန် မှာကြားလိုကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရက ဖန်တီးဖော်ဆောင်ပေးထားသည့် ပညာသင်ယူမှုအခွင့်အလမ်းကောင်းများကို မိဘများရော သားသမီးများကပါ ရယူနိုင်အောင် အားထည့်ကြိုးပမ်းသွားကြရန် မှာကြားလိုကြောင်း၊ ရပ်ရွာဒေသအသီးသီး၌ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များကလည်း ကိုယ့်ရပ်ကိုယ့်ဒေသရှိ လူငယ်လူရွယ်များ၏ဘဝ တိုးတက်မြင့်မားရေးအတွက် ဝိုင်းဝန်းထောက်ကူဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ထို့ပြင် ဆရာ၊ဆရာမများအပိုင်းကလည်း မိမိတို့တပည့်များကို အတတ်ပညာတတ်မြောက်ရုံသာမက အကျင့်စာရိတ္တကောင်းမွန်သူများ၊ စည်းကမ်းကိုရိုသေလေးစား လိုက်နာသူများ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသူများ၊ ပြည်ထောင်စုစိတ်ဓာတ်ရင့်ကျက်ခိုင်မာသူများဖြစ်အောင် ငယ်စဉ်ကပင် လေ့ကျင့်သင်ကြားပေးကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းထံ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ရွှေသံလွင်ကုမ္ပဏီ အထွေထွေမန်နေဂျာ ဦးကျော်နိုင်တို့က ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က လှူဒါန်းသည့် ကွန်ပျူတာနှင့် ပရင်တာ တစ်စုံကို ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ကျောင်းအုပ်ဆရာကြီး ဦးထွန်းမြင့်ထံ ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးဒေါက်တာချမ်းငြိမ်းက စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံများနှင့် အားကစားပစ္စည်းများကို အထက်တန်းပြဆရာဦးသက်လွင်ထံ ပေးအပ်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနနှင့် ဒေသခံပြည်သူများကိုယ်စား ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေးပညာပေး အဖွဲ့ အမှတ်(၁)သို့ လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုက နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေး ပညာပေးအဖွဲ့အမှတ်(၂)သို့ လည်းကောင်း လက်ဆောင်ပစ္စည်းများပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လပွတ္တာ၊ သုံးခွ၊ အုတ်တွင်း၊ ထိပ်စွန်းလမ်းကို ရဟတ်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာလာကြရာ လပွတ္တာမြို့နယ် ကုန်းသာယာကျေးရွာသို့ ရောက်ရှိကြပြီး ကုန်းသာယာကျေးရွာဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ကုန်းသာယာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ခန်းမ၌ကျင်းပသည့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကြရာ ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်နှင့် ရွှေသံလွင်ကုမ္ပဏီ အထွေထွေမန်နေဂျာ ဦးကျော်နိုင်တို့က ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဝန်ကြီးဒေါက်တာ ချမ်းငြိမ်းထံ လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အားကစားပစ္စည်းများနှင့် ကျောင်းဝတ်စုံများကို ကျောင်းအုပ်ဆရာကြီး ဦးစိုးမင်းသို့လည်းကောင်း၊

ဝန်ကြီးဒေါက်တာချမ်းငြိမ်းက ကျောင်း[...]
လည်းကောင်း ပေးအပ်ကြသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ [...]
ဒိုင်း၊ မြားတို့ကို သံထည်များဖြင့် တည်[...]
လှူဒါန်းငွေကျပ်သိန်း ၂၇၀ နှင့် ကျန်ကုန်[...]
လှူဒါန်းပြီး ငွေကျပ်သိန်း ၆၅၀ ခန့်[...]
ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီး[...]
ဖွံ့ဖြိုးရေးအသင်းနှင့် ကျေးလက်နေပြ[...]
ပစ္စည်းအရောင်းဆိုင်ကို ကြည့်ရှုစစ်ဆေ[...]

ထို့နောက် ကုန်းသာယာကျေးရွာမှ [...]
ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာ[...]
ယာဉ်ပေါ်မှ လမ်းတစ်လျှောက်ရှိ ကျေးရွ[...]
ကွင်းများ အခြေအနေနှင့် ထိပ်စွန်း-ကျေ[...]
ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်[...]

ယင်းနောက် အောက်ပွန်ဝကျေး[...]
ဆောက်လုပ်သည့် Cyclone Shelte[...]

ထို့နောက် နိုင်ငံတော်ဝန်ကြီးချု[...]
ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရေး[...]
ဆောင်ရွက်ပေးသည်။

ယင်းနောက် အောက်ပွန်ဝကျေးရွ[...]
သို့ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြပြီ[...]
သက်န်းကုန်းကျေးရွာအုပ်စု ကွင်းကြီးေ[...]
လျက်ရှိသည့် Cyclone Shelter [...]
ကွင်းများအခြေအနေနှင့် သက်န်းကုန်း[...]
အခြေအနေများကိုကြည့်ရှုစစ်ဆေးသည[...]

ထို့နောက် မန်ကျည်းပင်ကျေးရွာသို့[...]
ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး[...]
ပညာသင်ကြားရေး အခြေအနေများကို[...]
ကျောင်းခွဲ(မန်ကျည်းပင်) စာသင်ကျောင်[...]
များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေး[...]

ထိုမှတစ်ဆင့် လမ်းဆောက်လုပ်[...]
ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ဆော[...]
ခင်မောင်မြင့်နှင့် ဒုတိယ အင်ဂျင်နီယာမ[...]
အုတ်တွင်း-ထိပ်စွန်းလမ်း ၃၉မိုင်တွင် [...]
တံတားလုပ်ငန်းတွင် ပေ ၅၀အောက် [...]
အသက်ကယ်ကုန်းမြင့်(Hillock)များ[...]
ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြသည်များနှင့်စပ်လျ[...]
ပြီးစီးရေး၊ လမ်းပေါ်ရှိ အကြီးစားတံတ[...]
တည်ဆောက်အသုံးပြုနိုင်အောင် ဆော[...]
တည်တံ့ခိုင်မြဲစေရန် အင်္ဂတေဖြင့် ဆောင[...]
ဘေလီတံတား၊ အာစီတံတားများအပြ[...]
ဆောက်ရေး၊ အသက်ကယ်ကုန်းမြင့် (H[...]
သွားကြရန်မှာကြားသည်။

ဖြည့် ဆည်းပေးနိုင်မည် အောင်ဆောင်ရွက်

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် လပွတ္တာမြို့နယ် ချောင်းဝရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် လပွတ္တာမြို့နယ် ပြင်ခရိုင် ကံထူးသာယာရပ်ကွက်၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

လပွတ္တာမြို့နယ် ပြင်ခရိုင် ကံထူးသာယာ ရပ်ကွက်အနီး၌ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းက ဆောက်လုပ်လှူဒါန်းသည့် Cyclone Shelter အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

ဝန်ကြီးဒေါက်တာချမ်းငြိမ်းက ကျောင်းသုံးဗလာစာအုပ်များကို ဆရာမတစ်ဦးသို့ လည်းကောင်း ပေးအပ်ကြသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိပြီး တိုင်၊ ဒိုင်း၊ မြားတို့ကို သံထည်များဖြင့် တည်ဆောက်ကာ အမှတ်(၂)စက်မှုဝန်ကြီးဌာနက လှူဒါန်းငွေကျပ်သိန်း ၂၇၀ နှင့် ကျန်ကုန်ကျငွေများကို ရွှေသံလွင်ကုမ္ပဏီကထည့်ဝင်လှူဒါန်းပြီး ငွေကျပ်သိန်း ၆၅၀ ခန့် အကုန်ကျခံ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျေးလက်နေပြည်သူများ ပူးပေါင်းဖွင့်လှစ်သည့် ကုန်မာပစ္စည်းအရောင်းဆိုင်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကုန်းသာယာကျေးရွာမှ လပွတ္တာမြို့နယ် အောက်ပြွန်ဝကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်သည် ရဟတ်ယာဉ်ပေါ်မှ လမ်းတစ်လျှောက်ရှိ ကျေးရွာများ၏ ဖွံ့ဖြိုးမှုအခြေအနေ၊ နေလှန်းဆားကွင်းများ အခြေအနေနှင့် ထိပ်စွန်း-ကျောက်ကလပ်-သက်န်းကုန်းလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အောက်ပြွန်ဝကျေးရွာသို့ ရောက်ရှိကြပြီး FMI ကုမ္ပဏီက ဆောက်လုပ်သည့် Cyclone Shelter ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျေးရွာ၌ လိုအပ်လျက်ရှိသော ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အောက်ပြွန်ဝကျေးရွာမှ လပွတ္တာမြို့နယ် မန်ကျည်းပင်ကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်သည် လမ်းခရီး၌ သက်န်းကုန်းကျေးရွာအုပ်စု ကွင်းကြီးကျေးရွာ၌ FMI ကုမ္ပဏီက တည်ဆောက်လျက်ရှိသည့် Cyclone Shelter ဆောက်လုပ်ပြီးစီးမှုအခြေအနေ၊ နေလှန်းဆားကွင်းများအခြေအနေနှင့် သက်န်းကုန်း-သုံးခွ-လပွတ္တာ လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မန်ကျည်းပင်ကျေးရွာသို့ ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ စီးပွားရေး၊ အလုပ်အကိုင်နှင့် ပညာသင်ကြားရေး အခြေအနေများကို မေးမြန်းပြီး အခြေခံပညာအထက်တန်းကျောင်းခွဲ(မန်ကျည်းပင်) စာသင်ကျောင်းဆောင် ဆောက်လုပ်နိုင်ရန် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၂)၏ ယာယီရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးကျော်ရှိန်းတို့က လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း ၃၉မိုင်တွင် မြေတာပေါင်လုပ်ငန်း ၃၄မိုင် ၄ဖာလုံပြီးစီးမှု၊ တံတားလုပ်ငန်းတွင် ပေ ၅၀အောက် ရေပြွန်တံတား သုံးခုတည်ဆောက်ပြီးစီးမှု၊ အသက်ကယ်ကုန်းမြင့်(Hillock)များတည်ဆောက်ပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က မိုးမကျမီမြေမာလမ်းပြီးစီးရေး၊ လမ်းပေါ်ရှိ အကြီးစားတံတားကြီးများမှအပ ကျန်တံတားများအပြီးတည်ဆောက်အသုံးပြုနိုင်အောင် ဆောင်ရွက်ရေး၊ တံတားတိုင်များကို ရေရှည်တည်တံ့ခိုင်မြဲစေရန် အင်္ဂတေဖြင့် ဆောင်ရွက်ရေး၊ တံတားများကို သစ်သားတံတား၊ ဘေလီတံတား၊ အာစီတံတားများအဖြစ် လိုအပ်ချက်အပေါ်မူတည်၍ တည်ဆောက်ရေး၊ အသက်ကယ်ကုန်းမြင့် (Hillock)များ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မန်ကျည်းပင်ကျေးရွာမှ လပွတ္တာမြို့ (၃)မိုင်စခန်းသို့ ရဟတ်ယာဉ်များဖြင့်ထွက်ခွာခဲ့ကြပြီး လမ်းခရီးရှိ သုံးခွ-လပွတ္တာလမ်းဖောက်လုပ်ပြီးစီးမှုနှင့် (၃)မိုင်တိုးချဲ့မြို့ကွက်သစ် ဖော်ထုတ်ပြီးစီးမှု အခြေအနေများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် (၃)မိုင်တိုးချဲ့ မြို့ကွက်သစ်ဖော်ထုတ်ရေး ယာယီရှင်းလင်းဆောင်သို့ရောက်ရှိရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က တိုးချဲ့ မြို့ကွက်သစ်ဖော်ထုတ်ပြီးစီးမှု၊ သဘော်ဆိပ်ကမ်း၊ အအေးခန်းစက်ရုံနှင့် ဆေးရုံတည်ဆောက်သွားမည့် အစီအစဉ်၊ ရေမီးရရှိရေးဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က နေအိမ်၊ ဆေးရုံ၊ စက်ရုံများကို မြို့အင်္ဂါရပ်နှင့်အညီ စနစ်တကျတည်ဆောက်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် (၃)မိုင်တိုးချဲ့ မြို့ကွက်သစ်ဖော်ထုတ်ပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကာ လပွတ္တာမြို့ ရွှေနဒီခန်းမသို့ရောက်ရှိပြီး ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁)၌ တက်ရောက်သင်ကြားလျက်ရှိသည့် သင်တန်းသူများ၏ စက်ချုပ်မှုပညာသင်ယူနေမှု၊ ဇာထိုး၊ ပန်းထိုးပညာသင်ယူနေမှုနှင့် သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်များကို ကြည့်ရှုအားပေး၍ ထောက်ပံ့ငွေများကို သင်တန်းတာဝန်ခံသို့လည်းကောင်း၊ လက်ဆောင်ပစ္စည်းများကို နယ်လှည့် ကျေးလက်ဖွံ့ဖြိုးရေးပညာပေးအဖွဲ့နှင့် သင်တန်းသူများသို့လည်းကောင်း ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ပုသိမ်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ ထွက်ခွာ၍ လပွတ္တာ-သက်န်းကြီး-စလူဆိပ်လမ်းပိုင်းနှင့် တံတားများ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြင်စလူမြို့နယ် သက်န်းကြီးကျေးရွာအနီးရှိ တံတားစီမံကိန်းအထူးအဖွဲ့ နလင်ကျော်တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။ ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှင်းလင်းဆောင်မှ နလင်ကျော်တံတား တည်ဆောက်နေမှု၊ လပွတ္တာ-သက်န်းကြီး-စလူဆိပ်လမ်းတည်ဆောက်နေမှု၊ ဝါဝါဝင်းကုမ္ပဏီ၏ လူနေအိမ်ရာများဆောက်လုပ်နေမှုနှင့် TZTM ကုမ္ပဏီ၏ Cyclone Shelter တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အင်ဂျင်နီယာမှူးကြီး ဦးကျော်လွင်က လပွတ္တာ-သက်န်းကြီးလမ်းပိုင်း ၁၈မိုင် ၆ဖာလုံတွင် လမ်းတာပေါင် ၁၇မိုင် ၅ဖာလုံပြီးစီးမှု၊ သက်န်းကြီး-စလူဆိပ်လမ်းပိုင်း ၁၀မိုင်တွင် ၈မိုင် ၇ ၁/၂ ဖာလုံ လမ်းတာပေါင်ပြီးစီးမှု၊ စလူဆိပ်-ပြင်စလူလမ်းပိုင်း ၇မိုင် ၂ဖာလုံတွင် မြေကြီးတာပေါင်လုပ်ငန်း ၅မိုင် ၇ဖာလုံပြီးစီးမှု၊ အသက်ကယ်ကုန်းမြင့် (Hillock) ၁၈ခု တည်ဆောက်ပြီးစီးမှုများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တံတားအထူးအဖွဲ့(၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးကျော်လင်းက လပွတ္တာ-သက်န်းကြီး-ပြင်စလူ လမ်းမိုင်တိုင်အမှတ်(၁၆/၃)နှင့် (၁၆/၄)ကြားရှိ အရှည်ပေ ၁၅၀၊ အကျယ် ၁၂ပေရှိ နလင်ကျော်တံတား တည်ဆောက်နေမှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က ဤလမ်းတံတားများရှိနေခြင်းဖြင့် အရေးကြုံလာပါက အချိန်မီရှောင်တိမ်းနိုင်မည့်အပြင် မိသားစုများ၏ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးလိုအပ်ချက်များကိုပါ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် လမ်းတံတားများ၊ အသက်ကယ်ကုန်းမြင့်များ၊ Cyclone Shelter များကို မိုးမကျမီပြီးစီးအောင်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လပွတ္တာ-သက်န်းကြီးလမ်းပိုင်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြပြီး လပွတ္တာမြို့နယ် ဇင်ရွဲလေး ကျေးရွာသို့ရောက်ရှိကာ Cyclone Shelter ရှေ့ကာအဖြစ် သောက်ရေကန်အဖြစ်လည်းကောင်း၊ ရေလွတ်သက်ကယ်ကုန်းမြင့် အဖြစ်လည်းကောင်း တည်ဆောက်ထားသည့် Hillock သို့ ရောက်ရှိပြီး Hillock ၊ သောက်ရေကန်နှင့် Cyclone Shelter ဆောက်လုပ်မည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးရာ ဧရာရွှေဝါကုမ္ပဏီမှ ဒါရိုက်တာဦးသောင်းစိန်က ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က Hillock ဘေးပတ်လည်၌ လေကာပင် အုန်းပင်နှင့် ကွမ်းသီးပင်များစိုက်ပျိုးရန်နှင့် တောင်ကုန်းတာပေါင်ပေါ်၌ ငှက်ပျောပင်စိုက်ပျိုးရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇင်ရွဲလေးကျေးရွာမှ ရဟတ်ယာဉ်များဖြင့် သက်န်းကြီး -စလူဆိပ်-ပြင်စလူလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြင်စလူမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မက်စ်မြန်မာကုမ္ပဏီက ဆောက်လုပ်နေသည့် သောက်ရေကန်အဖြစ် လည်းကောင်း၊ Hillock အဖြစ်လည်းကောင်း၊ အသုံးပြုနိုင်သည့် Hillock တည်ဆောက်နေမှုနှင့် Cyclone Shelter တည်ဆောက်မည့် နေရာများကိုလည်းကောင်း၊ အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီက သောက်ရေကန် အဖြစ်လည်းကောင်း၊ Hillock အဖြစ်လည်းကောင်း၊ အသုံးပြုနိုင်သည့် Hillock တည်ဆောက်မှုနှင့် Cyclone Shelter တည်ဆောက်မည့်နေရာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး Hillock နှင့် Cyclone Shelter များကို လာမည့် မိုးမကျမီ အပြီးတည်ဆောက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် အမှတ်(၁)စက်မှုဝန်ကြီးဌာနက ဆောက်လုပ် လှူဒါန်းသည့် (၂၄ ပေX၁၆ ပေ) ရှိ Cyclone Shelter အဆောက်အအုံကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ဝန်ကြီးချုပ်က ပြင်စလူမြို့ပြ စည်ပင်ရေးအတွက် လိုအပ်သည်များကို ညှိနှိုင်းစီစဉ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြပြီး လမ်းခရီးတစ်လျှောက် ပြင်စလူ-ကွင်းပေါက်-ပိုးလောင်း-လှိုင်းဘုန်းလမ်း ဖောက်လုပ်ပြီးစီးမှု၊ တံတားများတည်ဆောက်ပြီးစီးမှု၊ Hillock နှင့် Cyclone Shelter များ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻

ပြင်စလူမြို့၌ အမှတ်(၁) စက်မှုဝန်ကြီးဌာနက ဆောက်လုပ်လှူဒါန်းသည့် Cyclone Shelter အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

✻ စာမျက်နှာ ၉ မှ

ထို့နောက် မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများအား လမ်းများဖောက်လုပ်ရာတွင် လမ်းဖြစ်မြောင်းဖြစ် တစ်ဆက်တစ်စပ်တည်း ဖောက်လုပ်ရန်၊ ဖောက်လုပ်ပြီးမြောင်းတွင် မိုးရေသိုလှောင်ပြီး စိုက်ပျိုးရေးအတွက် အသုံးပြုရန်၊ ရေငန်ဝင်ရောက်သည့်နေရာများတွင် ရေငန် မဝင်ရောက်နိုင်ရေး တာပိတ်ရန် မှာကြားသည်။

ယင်းနောက် မော်လမြိုင်ကျွန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ဧရာခန်းမ၌ ဖွင့်လှစ်ထားသည့် အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁)တွင် တက်ရောက်သင်ကြားလျက်ရှိသည့် သင်တန်းသူများ၏ စက်ချုပ်ပညာသင်ကြားနေမှုနှင့် မြန်မာမုန့်မျိုးစုံ ပြုလုပ်မှုပညာသင်ကြားနေမှုများ၊ သင်တန်းသူများ ချုပ်လုပ်ထားသော အဝတ်အထည်များကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်က ထောက်ပံ့ငွေများကို သင်တန်းတာဝန်ခံနှင့် သင်တန်းသူများသို့လည်းကောင်း၊ လက်ဆောင်ပစ္စည်းများကို နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေးပညာပေးအဖွဲ့အမှတ်(၁)နှင့် အမှတ်(၂) တို့သို့လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ မြို့မိ မြို့ဖများနှင့် လုပ်ငန်းရှင်များ စုပေါင်းလှူဒါန်းသည့် အပ်ချုပ်စက် ၃၁ လုံးကို အလှူရှင်များက သင်တန်းတာဝန်ခံနှင့် သင်တန်းသူများထံ ပေးအပ်ကြသည်။

လိုအပ်သည်များမှာကြား

ထို့နောက် မော်လမြိုင်ကျွန်းမြို့ ဈေးကြီးအနီး မော်လမြိုင်ကျွန်းမြို့ တိုးချဲ့မည့်နေရာရှိ ဌာနဆိုင်ရာနှင့် လူနေအိမ်များ တိုးချဲ့ရေးလုပ်ငန်းနေရာသို့ ရောက်ရှိကြရာ မြို့နယ်ခန်းမနှင့် ဌာနဆိုင်ရာများ၊ လူနေအိမ်များ နေရာချထားပေးမည့် အစီအစဉ်နှင့် စပ်လျဉ်း၍ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ရှင်းလင်းတင်ပြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တံတားစီမံကိန်း အထူးအဖွဲ့(၁)၏ ရာဇူဒိုင်တံတား တည်ဆောက်ရေးလုပ်ငန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က တံတားအရှည် ပေ ၅၄၀၊ ပင်မတံတားပေ ၃၀၀၊ မော်လမြိုင်ကျွန်းဘက်ကမ်း၌ ချဉ်းကပ်တံတားပေ ၁၂၀၊ ကျိုက်ပိဘက်ကမ်း၌ ချဉ်းကပ်တံတား ပေ ၁၂၀၊ ယာဉ်သွားလမ်းအကျယ် ၁၈ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်သုံးပေစီပါရှိမည့် ရာဇူဒိုင်တံတား တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်း၊ တံတားစီမံကိန်းလုပ်ငန်းများကို လမ်းပြီး၊ တံတားပြီး တစ်ဆက်တစ်စပ်တည်း အသုံးပြုနိုင်အောင် ဆောင်ရွက်ကြရေး မှာကြားသည်။ ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ဧည့်ခံပွဲကျင်းပရာ ချတ်ထရီယမ်ဟိုတယ်သို့ ရောက်ရှိလာကြရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး Colonel Alexander V-SVINTSOVSKIY နှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁)၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး Colonel Alexander V-SVINTSOVSKIY တို့သည် ဧည့်ခံပွဲသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒလမြို့နယ် သမွန်ချောင်းကျေးရွာရှိ တောင်သူ ဦးကျော်နိုင်၏ စုပေါင်းနှွေစပါးစိုက်ခင်း၌ နွေစပါးများစိုက်ပျိုးထားမှုနှင့် ဓာတ်မြေသြဇာကြဲပက်နေမှုကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ နွေစပါးအောင်မြင်ဖြစ်ထွန်းမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ရခိုင်ချောင်(မြောက်) ကျေးရွာအုပ်စုရှိ တောင်သူ ဦးခင်မောင်ဌေး၏ နွေစပါးစိုက်ခင်း၌ နွေစပါးများ စိုက်ပျိုးထားမှုနှင့် ဓာတ်မြေသြဇာ စုပေါင်းကြဲပက်နေမှုတို့ကိုလည်းကောင်း၊ သမွန်ချောင်းကျေးရွာရှိ တောင်သူ ဦးကျော်နိုင်၏ စုပေါင်းနွေစပါးစိုက်ခင်း၌ နွေစပါးများ စိုက်ပျိုးထားမှုနှင့် ဓာတ်မြေသြဇာ စုပေါင်းကြဲပက်နေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှု အားပေးပြီး ဒေသခံ တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❁ တရုတ်နိုင်ငံမှ

ကီလိုမီတာ ၁၂၀ (၇၂မိုင်)အထိ မြှင့်တင်နိုင်ကြောင်း ကုမ္ပဏီ၏ ကြေညာချက်၌ ဖော်ပြထားသည်။

ချယ်ရီ လျှပ်စစ်ကား၏ ဘက်ထရီကို နေအိမ်သုံး ဗို့အား ၂၂၀ ပလပ်ပေါက်၌ ချိတ်ဆက်၍ပင် အားသွင်းနိုင်ပြီး အားသွင်းချိန်မှာ ခြောက်နာရီထက်ကျော်လွန်မည် မဟုတ်ကြောင်း၊ ဘက်ထရီ၏ ၈၀ ရာခိုင်နှုန်းကို မိနစ် ၃၀ အတွင်း အားသွင်းနိုင်ကြောင်း အဆိုပါကြေညာချက်၌ ဖော်ပြသည်။

ချယ်ရီ ကုမ္ပဏီသည် စတင်ထုတ်လုပ်လိုက်ပြီဖြစ်သော လျှပ်စစ်ကားကို မည်သည့်အချိန်တွင် ဈေးကွက်တင်ရောင်းချမည်ဖြစ်ကြောင်း ဖော်ပြခြင်းမပြုပေ။

ချယ်ရီ ကုမ္ပဏီထုတ်လျှပ်စစ်ကားသည် မိနီကားအမျိုးအစားတွင်ပါဝင်ပြီး လှပသော ဒီဇိုင်းပုံစံသစ်ကြောင့် ကားဝါသနာရှင်များကို ဆွဲဆောင်နိုင်မည်ဖြစ်သည်။ ကားကိုယ်ထည်အတွင်းပိုင်းကို ရိုးရိုးရှင်းရှင်း တည်ဆောက်ထားပြီး ဈေးချိုချိုဖြင့် ရောင်းချပေးမည်ဟု မျှော်လင့်ရသည်။

တရုတ်နိုင်ငံသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရန် လျှပ်စစ်ကားများကို ထုတ်လုပ်လျက်ရှိသည်။ လေထုညစ်ညမ်းမှု မဖြစ်ပေါ်စေနိုင်သော လျှပ်စစ်ကားများ အသုံးပြုမှုကို အစိုးရက အားပေးလျက်ရှိသည်။

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျီလင်းပြည်နယ်တွင် လာမည့် ဇွန်လမှစတင်၍ လျှပ်စစ်ဘတ်စ်ကား အစီး ၇၀ စတင်အသုံးပြုရန်စီစဉ်လျက်ရှိသည်။

လစ်သီယန် အိုင်းယင်း ဘက်ထရီ အသုံးပြုသော လျှပ်စစ်ဘက်ထရီကားကို ကျီလင်း သိပ္ပံနှင့် နည်းပညာသုတေသနဌာနက တီထွင်ထုတ်လုပ်ထားသည်။ ယင်းဘက်ထရီကို တစ်ကြိမ် အားသွင်းလျှင် မိနစ် ၂၀ မျှသာကြာမြင့်ပြီး အကြိမ် ၂၀၀၀ အထိ ပြန်လည်အားသွင်းနိုင်သည်ဟု သိရသည်။

ထိုင်ခုံ ၂၄ လုံးတပ် လျှပ်စစ် ဘက်ထရီကားတစ်စီး၏ တန်ဖိုးမှာ ယွမ်ငွေ ၅၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၇၃၁၄၅ ဒေါ်လာ) ဖြစ်သည်။ ***အင်တာနက်။***

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၂-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	အတီးပြိုင်ပွဲ
၈း၀၀	၆။	နှောင်းခေတ်တေးပဒေသာ
၈း၁၅	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၃၀	၈။	International News.
၈း၄၅	၉။	**“မနိုင်သောအရှုံး” (ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည်၊အရိုင်း၊ ဖိုးဖြူ၊ ကင်းကောင်) (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)**
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	အကပြိုင်ပွဲ
၄း၃၀	၄။	ဂီတသံစဉ်အလှဆင်
၄း၅၀	၅။	၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (သင်္ချာဘာသာရပ်) (အပိုင်း-က)
၅း၀၅	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅	၇။	**“ရိုးသားစွာကြိုးစားပါ” [ထွန်းထွန်းဝင်း၊ မြင့်မြင့်ခိုင်၊ ဟိန်းထက်ဇော်(ခ)ကာဟော့၊ ဝိုယ၊ဦးစောနိုင်(ရှမ်းပြည်)၊ ဦးရဲစိန်၊ကြည်စိုး(IC)၊ ဒေါ်အိအိစိုး၊ဒေါ်သဲနုခိုင်] [(ဒါရိုက်တာ-မြင့်စိုး(ဝ/သ)]**
၅း၄၅	၈။	ကြေးမုံရိပ်သွင်တေးနုယဉ်
၆း၀၀	၉။	ညနေခင်းသတင်း
၆း၃၀	၁၀။	မိုးလေဝသအခြေအနေ
၆း၃၅	၁၁။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀	၁၂။	ဆိုလိုက်ကြစို့
၇း၂၅	၁၃။	**နိုင်ငံခြား ဇာတ်လမ်းတွဲ “နွဲ့ဆိုးဆိုးသူကိုယ့်ချစ်သူ” (အပိုင်း-၁၅)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ “မြင့်မြတ်နှလုံးသားပိုင်ရှင်” (အပိုင်း-၃၀)**
	၁၈။	အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၄-၂-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၀	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၄း၄၀	၆။	မျိုးချစ်တပ်မတော်
၄း၄၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၁၀	၈။	ရှင်သန်ခြင်း
၅း၂၀	၉။	၂၀၀၉ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲအထောက် အကူပြုသင်ခန်းစာ (သင်္ချာ အပိုင်း-က)
၅း၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၅	၁၅။	ကလေးတို့ကမ္ဘာ ပျော်ရွှင်စရာ
၇း၀၀	၁၆။	**ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ကြီးမြတ်သူတို့နှလုံးသား (အပိုင်း-၂၅)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	မွေးမြူသုတ
	၂၁။	ဗီစီဒီကျော်ကြားတေးများ
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - ငါးကလေး(အပိုင်း-၄၀) ဇာတ်သိမ်း**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

၎င်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖေဖော်ဝါရီလ ၂၁ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့်ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်ရန် ရတနာပစ္စည်းများ	ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းပူဇော်နိုင်ရန် ပန်းထိမ်အဖွဲ့များ တစ်ပါတည်း ထားရှိပေးမည်။
(၂)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း
(၃)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ရတနာပစ္စည်းများ ထည့်သွင်းပူဇော်လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော်ကုန်းတော် ဓမ္မာရုံရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

Myanmar Masters 2009
ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေး သတင်းစာရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

Myanmar P.G.A နှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်တို့က ကြီးမှူး၍ Air Bagan Ltd. က အဓိကကူညီပံ့ပိုးမည့် Myanmar Masters 2009 ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၀ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ Traders Hotel (Ball Room)၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ Myanmar P.G.A နှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းနှင့် ဦးမင်းသိန်း၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Myanmar P.G.A နှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ Myanmar P.G.A အထွေထွေအတွင်းရေးမှူး Myanmar Professional Golfer ဦးချမ်းဟန်က ပြိုင်ပွဲအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

Myanmar Masters 2009 ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၁၂ရက်မှ ၁၅ရက်အထိ ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်ရှိ Pan Hlaing Golf Club ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် Professional Golfer ၇၀ကျော် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ဆုကြေးများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှင်းလင်းပွဲကျင်းပ

ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

(မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်)

ချန်ပီယံလိဂ် ဒုတိယနေ့ ရှုံးထွက်ပွဲစဉ်များ အိမ်ရှင်အသင်းများ အနိုင်ရရန်အလေးသာ

ဒုတိယနေ့ ပွဲစဉ်များတွင် ရီးယဲလ်မက်ဒရစ်နဲ့ လီဗာပူး၊ ချယ်လ်ဆီးနဲ့ ဂျူဗင်တပ်စ်တို့ ပွဲစဉ်တွေ ပါဝင်နေတာကြောင့် ပွဲကြီးပွဲကောင်းများကို ကြည့်ရှုကြရဦးမှာပါ။ ချန်ပီယံလိဂ်ရဲ့ အစဉ်အလာအရ အိမ်ကွင်းကစားရတဲ့အသင်းများဟာ အသာစီးရလေ့ရှိကြတာကြောင့် ယခု ဒုတိယနေ့ပွဲစဉ်များမှာ အိမ်ရှင်အသင်းများ နိုင်ပွဲရဖို့အလေးသာနေပါတယ်။

ဖေဖော်ဝါရီ ၂၆ (ကြာသပတေးနေ့)
နံနက် ၂း၁၅ နာရီ
ရီးယဲလ်မက်ဒရစ်- လီဗာပူး

ဒီနှစ်သင်းရဲ့ ထိပ်တိုက်တွေ့ဆုံမှုက တစ်ကြိမ်သာရှိခဲ့ပြီး အဲဒီတစ်ကြိမ်မှာ လီဗာပူးက အနိုင်ရထားပါတယ်။ နှစ်သင်းစလုံး ပြည်တွင်းလိဂ်တွေမှာ အဆင့်(၂)နေရာမှာ အသီးသီးရပ်တည်နေကြပါတယ်။ လက်ရှိအချိန်မှာ လီဗာပူးရဲ့ ခြေစွမ်းက အားရစရာမရှိပေမယ့် ရီးယဲလ်မက်ဒရစ်ရဲ့ ခြေစွမ်းက အတက်ဘက်မှာရှိနေပါတယ်။ ရီးယဲလ်မက်ဒရစ်မှာ အသင်းခေါင်းဆောင် ရာအူးလ်ပုံမှန်ခြေစွမ်းရနေသလို ရော်ဘင်လည်း ခြေစွမ်းပြနေတာကြောင့် ဘာနေဗျူးမှာ ညှော့သည်တို့ သရေရဖို့တောင် မလွယ်လှပါဘူး။

ချယ်လ်ဆီး - ဂျူဗင်တပ်စ်

ဒီနှစ်သင်းရဲ့ ခြေစွမ်းဟာ ကြီးကြီးမားမားကွာဟမှုမရှိပေမယ့် ချယ်လ်ဆီးနည်းပြသစ် ဟစ်ဒင့် ချယ်လ်ဆီးကို ကိုင်တွယ်တာ ဒုတိယမြောက်ပွဲစဉ်ဖြစ်တာကြောင့် ရလဒ်ကောင်းအောင် ကြိုးစားမှာပါ။ ဒါပေမယ့် ဂျူဗင်တပ်စ်ကလည်း ချန်ပီယံလိဂ် အတွေ့အကြုံရင့်ကျက်တာကြောင့် အိမ်ရှင်ချယ်လ်ဆီးတို့ အနိုင်ရရင်တောင် ပြတ်ပြတ်သားသား မဖြစ်နိုင်ဘဲ ခက်ခက်ခဲခဲကစားပြီးမှ ပွတ်ကာသီကာလေးသာ အနိုင်ရသွားမှာပါ။

ဗီလာရီးယဲလ် - ပင်နာသီယာကော့စ်

ဗီလာရီးယဲလ်ဟာ အုပ်စုအဆင့်က ခြေစွမ်းမျိုးကိုသာ ပြန်ရမယ်ဆိုရင် ဂရိကလပ် ပင်နာသီယာကော့စ်ကို အနိုင်ရဖို့ မခက်ပါဘူး။ ပင်နာသီယာကော့စ်ဟာ အင်တာကို ကျော်ပြီး အုပ်စုဗိုလ်ရခဲ့တယ်ဆိုပေမယ့် ခြေစွမ်းက သာမန်အဆင့်မှာပဲ ရှိပါတယ်။ တိုက်စစ်ထက်မြက်တဲ့ ဗီလာရီးယဲလ်မှာ ကက်ဒီဗီလာနဲ့ ဖရန်ကိုတို့ ပွဲပယ်ခံထားရတယ်ဆိုပေမယ့် အိမ်ကွင်းမာဒရီဂေါလ်မှာ နောက်တစ်ဆင့်တက်ဖို့အတွက် ခိုင်လုံတဲ့ ဂိုးအရေအတွက်တော့ ရသွားနိုင်ပါတယ်။

စပို့တင်းလစ္စဘွန်း - ဘိုင်ယန်မြူးနစ်

ထိပ်တိုက်တွေ့ဆုံမှု နှစ်ကြိမ်မှာ ဘိုင်ယန်က တစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားပါတယ်။ ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းဟာ ဘိုင်ယန်လောက် ချန်ပီယံလိဂ် အတွေ့အကြုံမရှိပေမယ့် အိမ်ကွင်းအားသာချက်နဲ့ တင်ကစားမှာပါ။ ဘိုင်ယန်ဟာ ပြည်တွင်းလိဂ်မှာ ခြေစွမ်းပုံမှန်မရသေးဘဲ ရုန်းကန်နေရဆဲပါ။ ဒါကြောင့် စပို့တင်းလစ္စဘွန်းရဲ့ အယ်လ်ဗာလာဒီကွင်းမှာ ဧည့်သည်ဘိုင်ယန်တို့ သရေထက်ပိုမယ် မထင်ပါဘူး။

ဝင်းတင်(ကြေးမုံ)

မြန်မာနိုင်ငံ ဆရာဝန်အသင်း သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်သူ့ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ဆရာဝန်အသင်း ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာအဖွဲ့က ကြီးမှူး၍ Basic Biostatistics Course ကို မတ် ၇၊၈၊ ၁၄၊ ၁၅ ရက်များတွင်လည်းကောင်း၊Applied Statistics for Public Health Project Course ကို မတ် ၁၆ရက်မှ ၁၉ရက်အထိလည်းကောင်း မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(B)၌ လူဦးရေအကန့်အသတ်ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်တန်း တက်ရောက်လိုသူများသည် ဆေး(၁)နှင့် ဆေး(၂)ရှိ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနများသို့ ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်သည်။ အသေးစိတ်စုံစမ်းလိုပါက ဖုန်း-၀၉-၅၀၄ ၁၉၃၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြောက်ပိုင်းစွန်းဒေသများ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** နမ့်စန်မြို့တွင် သုညဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၂ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့တွင် ၃ဒီဂရီစင်တီဂရိတ်နှင့် ဟဲဟိုးမြို့တွင် ၄ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၂၄ရက် ညနေထိ ခန့်မှန်းချက်။ ။ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်မှအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံမြောက်ပိုင်းစွန်း ဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

အတွင်းရေးမှူး(၁)၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ တပ်မတော်နေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ချတ်ထရီယမ်ဟိုတယ်၌ ကျင်းပသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ တပ်မတော်နေ့အထိမ်းအမှတ် (Russian Armed Forces Day) ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

တက်ရောက်

အဆိုပါညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ တပ်မတော်နေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး Colonel Alexander V-SVINTSOVSKIY ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဓာတ်ပုံစာမျက်နှာအညွှန်း

နိုင်ငံတစ်ဝန်း လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို နိုင်ငံတော်က တည်ဆောက်ပေးလျက်ရှိရာ ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် တည်ဆောက်ပေးထားသည့် ဘီလူးချောင်း-၁ (လောပိတ) ဓာတ်အားပေးစက်ရုံသည် လျှပ်စစ်ဓာတ်အား ၂၈ မဂ္ဂါဝပ် ထွက်ရှိသည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး

✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး

✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး

✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စွမ်းအင်ရေးရာ အင်တာနက်သတင်း **ဘာသာပြန် တက်လူ**

တရုတ်နိုင်ငံတွင် လျှပ်စစ်ကားစတင်ထုတ်လုပ် လျှပ်စစ်ဘတ်စ်ကားများ အသုံးပြုရန်စီစဉ်

ရှန်ဟိုင်း ဖေဖော်ဝါရီ ၂၃

တရုတ်နိုင်ငံရှိ ချယ်ရီမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီသည် လျှပ်စစ်ကားများကို စတင်ထုတ်လုပ်ပြီဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်း၌ ဖော်ပြသည်။

ချယ်ရီ အက်စ်-၁၈ ဟု အမည်ပေးထားသော လျှပ်စစ်ကားသည် ဘက်ထရီ တစ်ကြိမ် အားသွင်းထားလျှင် ကီလိုမီတာ ၁၅၀ (၉၃ မိုင်) အထိ မောင်းနှင်နိုင်ပြီး ယင်းကား၏ အမြန်နှုန်းကို တစ်နာရီလျှင် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❁**

တရုတ်နိုင်ငံရှိ ချယ်ရီကားထုတ်လုပ်ရေးကုမ္ပဏီ၏ လျှပ်စစ်ကားကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*